# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

## မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်တွင် အခိုင်အမာနေရာရရှိရေး အစိုးရနှင့်လုပ်ငန်းရှင်များ လက်တွဲဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား တပ်မတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ဒေသ၌ ကော်ဖီစီမံကိန်းဖြစ်ပေါ်လာမှု၊ စိုက်ပျိုးမြေအသုံးချထားရှိမှုနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိမှု**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတကာ ကော်ဖီဈေးကွက် အခြေအနေများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**


မဟာသင်္ကြန်ကာလတွင် ခရမ်းလွန်ရောင်ခြည် အန္တရာယ် သတိပြုစေလို — ဆောင်းပါး စာ - ၁၀



ပြင်သစ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် သမ္မတ ရွေးကောက်ပွဲအတွက် မဲပေးခြင်းစတင် — နိုင်ငံတကာသတင်း စာ - ၁၃

ဧပြီ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦး တွေ့ရှိ — ပြည်တွင်းသတင်း စာ - ၁၅

အတာတန်ခူး နှစ်ကူး မေတ္တာမိုးရေ တို့နှင့်အတူ — ဆောင်းပါး စာ - ၁၈

မြန်မာ့အလင်း

# အစဉ်အလာကောင်းများဖော်ဆောင် ရုပ်ပိုင်းစိတ်ပိုင်းတို့မြှင့်တင်

ပညာသင်နှစ်အဆုံး စာမေးပွဲများကျင်းပအပြီး မကြာမီ မြန်မာ့ရိုးရာ နှစ်ကူးအတာသင်္ကြန်ပွဲအခါ ကျရောက်တော့မည်။ သင်္ကြန်အပြီး နွေကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အချိန်များက တန်ဖိုးရှိသည့်အချိန်များ ဖြစ်သည်။

“ ပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ မိမိတို့၏ ကလေးငယ်များကိုလည်း ကျောင်းပိတ်ရက်အတွင်း အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးစေလိုပြီး ယဉ်ကျေးလိမ္မာ စာပေဗဟုသုတများကို သင်ကြားပေးစေလိုကြောင်း၊ ယဉ်ကျေးသည့်လူမှုအသိုင်းအဝိုင်းနှင့် မြန်မာတို့၏ ဘာသာရေးကိုင်းရှိုင်းမှု စသည့်အစဉ်အလာကောင်းများကို ပြန်လည်ဖော်ဆောင်ပေးပြီး ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လားရှိုးမြို့မှ မြို့မိမြို့ဖများအား ဧပြီ ၉ ရက်က မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မျက်မှောက်ကာလ ကျောင်းနေအရွယ် ကလေးငယ်များကို သေချာစွာလေ့လာစေ့ငုကြည့်ပါက ၎င်းတို့အများစုအား အင်တာနက် လူမှုကွန်ရက်များက လွှမ်းမိုးထားသည်ကို တွေ့နိုင်သည်။ ဖေ့စ်ဘုတ်၊ တစ်တော့ စသည်တို့အပါအဝင် လူမှုကွန်ရက်များမှာ ကလေးများအတွက် သီးသန့်ပြုလုပ်ထားခြင်းမဟုတ်သည့်အပြင် အရွယ်ရောက်ပြီးသူများနှင့် လူကြီးများအတွက်ပင်လျှင် သတိတရား လက်ကိုင်ထား၍ သုံးစွဲနေကြရခြင်းဖြစ်ရာ ကလေးများ အင်တာနက်သုံးစွဲမှုသည် သုံးစွဲချိန်နှင့် သုံးစွဲသည့်အကြောင်းအရာ စသည်တို့အပေါ် မိဘအုပ်ထိန်းသူများ၏ ရှေ့မှောက်တွင် စနစ်တကျကွပ်ကဲ၍ သုံးစွဲမှုသာ ဖြစ်သင့်သည်။ လူကြီးမိဘ၏ မျက်ကွယ်တွင် အင်တာနက်လူမှုကွန်ရက်ကို ကလေးများ အချိန်ကြာမြင့်စွာ သုံးစွဲခြင်းက အကျိုးထက် အပြစ်ဖြစ်ရန်၊ အန္တရာယ်ဖြစ်ရန် အခွင့်အလမ်းပိုများသည်။

ကျောင်းပိတ်ရက်ကာလအတွင်း ကလေးများအား ယဉ်ကျေးလိမ္မာစာပေဗဟုသုတများ သင်ကြားပေးရေး၊ ယဉ်ကျေးသည့်လူမှုအသိုင်းအဝိုင်းနှင့် မြန်မာတို့၏ ဘာသာရေးကိုင်းရှိုင်းမှု အစဉ်အလာကောင်းများ ပြန်လည်ဖော်ဆောင်ပေးရေး လုပ်ငန်းများမှာ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းများဖြစ်ပြီး ထိထိရောက်ရောက် နှစ်စဉ် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ မြန်မာ့လူမှုအသိုင်းအဝိုင်းအတွက် ကောင်းကျိုးရလဒ်များ ဖြစ်ပေါ်နိုင်မည်ဖြစ်သလို ကလေးသူငယ်တစ်ဦးချင်းစီအဖို့လည်း ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မြင့်မားလာနိုင်မည်ဖြစ်သည်။ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ ဘာသာရေး လူမှုရေးအဖွဲ့အစည်းများ၏ ကူညီဆောင်ရွက်မှုများက အဓိကလိုအပ်ချက်များလည်း ဖြစ်သည်။

သည့်အပြင် ကလေးများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်း မြင့်မားရေးအတွက် လေ့ကျင့်သင်ကြားပေးမှုများဖြင့် မြှင့်တင်ကြရာတွင် မိဘအုပ်ထိန်းသူတို့က ကနဦးဆရာ ပုဗ္ဗာစရိယများအနေဖြင့် အထူးအရေးကြီးလှသည်ကို သတိမူကြရန်လိုသည်။ ယဉ်ကျေးလိမ္မာသည့်လူငယ်များနှင့် ယဉ်ကျေးသည့်လူမှုအသိုင်းအဝိုင်းများဖြစ်လာစေရန် ကလေးဘဝတွင် စတင်ထိတွေ့ရသည့် လူမှုအသိုက်အဝန်းဖြစ်သော မိသားစုက ဦးစွာ သင်ကြားပေးသူများပင် ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် မိမိတို့၏ ရင်သွေးသားသမီးတို့ ယဉ်ကျေးလိမ္မာမှုဖြင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားအောင် မြှင့်တင်ပေးကြရမည်ဖြစ်သည်။ အလွယ်ကူဆုံးနည်းလမ်းမှာ စာကောင်းပေမွန်များဖတ်ရှုခြင်းပင်ဖြစ်ရာ ကလေးဘဝကပင် စာဖတ်သည့်အလေ့အထများ ပြုစုပျိုးထောင်ပေးခြင်း၊ ကိုယ်အမူအရာ နှုတ်အမူအရာတို့ ယဉ်ကျေးဖွယ်ရာဖြစ်အောင် သွန်သင်ခြင်း၊ စိတ်ပိုင်း ရုပ်ပိုင်းအရ ဖြောင့်မတ်တည်ကြည်သူများ၊ ကျန်းမာကြံ့ခိုင်သူများ ဖြစ်အောင် ပဲ့ပြင်ဆုံးမလေ့ကျင့်ပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်ကာ သားသမီးတို့အား မြင့်မားပါစေကြောင်း။ ။

# စစ်တွေမြို့၌ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**စစ်တွေ ဧပြီ ၁၀**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့ မဟာသင်္ကြန်ပွဲတော် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက “စစ်တွေမြို့မှာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ သင်္ကြန်အကြိုနေ့မှာ ရခိုင်ရိုးရာနံ့သာသွေးပွဲကို စစ်တွေမြို့ ဦးဥတ္တမခန်းမမှာ ပြုလုပ်ပြီးတော့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးကို ဘုရားရေသပ္ပာယ်ကြမှာ ဖြစ်ပါတယ်။ ညနေပိုင်းမှာပဲ ဦးဥတ္တမပန်းခြံရှေ့မှာ ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ယိမ်းအကအဖွဲ့တွေ၊ အဆိုတော်တွေနဲ့ စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင်နဲ့ ဖွင့်လှစ်သွားဖို့ ရှိပါတယ်။ နောက်နေ့မှာ စစ်တွေမြို့ မိဖုရပ်ကွက်မှာရှိတဲ့ ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်သွားဖို့ရှိပါတယ်။ နောက်တစ်ခုက ရခိုင်ပြည်နယ်မှာ ပထမဆုံးပြုလုပ်တဲ့ လမ်းလျှောက်သင်္ကြန်ပေါ့။ ဒီလမ်းလျှောက်သင်္ကြန်ကိုတော့ စစ်တွေမြို့ ရှုခင်းသာလမ်း(ကမ်းနားလမ်း) စာတိုက်ကြီးအနီးကနေပြီးတော့ တြိဂံလမ်းဆုံအထိ ကျင်းပသွားဖို့ ရှိပါတယ်။ ဒီလမ်းလျှောက်သင်္ကြန်ကျင်းပတဲ့နေရာတစ်လျှောက်မှာလည်း ကျွန်တော်တို့ ဌာနဆိုင်ရာရုံးတွေက ဝန်ထမ်းတွေ စုပေါင်းပြီးတော့ စတုဒိသာ ကျွေးမွေးသွားဖို့ စီစဉ်ထားပါတယ်” ဟု ပြောသည်။

စစ်တွေမြို့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် ရေကစားမဏ္ဍပ်များအပြင် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ ပုဂ္ဂလိကရေကစားမဏ္ဍပ်များလည်း တည်ဆောက်လျက်ရှိရာ ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးမြို့၌ ၂၀၂၂ ခုနှစ် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပဲခူး ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့၌ ၂၀၂၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန် အပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ကြန်ပွဲတော်ကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်တွင် ဗဟိုမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည့်အပြင် သင်္ကြန်အကြို၊ အကျ၊ အကြတ်နှင့် အတက်နေ့များတွင် တိုင်းဒေသကြီးအတွင်းရှိ သင်္ကြန်ယိမ်းအကဖွဲ့ ၂၅ ဖွဲ့ ပါဝင်ယှဉ်ပြိုင် ဖျော်ဖြေကပြကြမည်ဖြစ်ပြီး ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့တွင် ပိတ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ဖျော်ဖြေကပြကြမည့် ယိမ်းအဖွဲ့များမှ ဆုရရှိသော ယိမ်းအဖွဲ့များကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုအပြင် နှစ်သိမ့်ဆု ငါးဆုကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ၁၃၈၄ ခု (မြန်မာနှစ်ဆန်း ၁ ရက်) ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် ညပိုင်း၌ နှစ်သစ်ကူးဓမ္မသဘင်ကို ကျင်းပသွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပရေး တိုင်းဒေသကြီး အစိုးရအဖွဲ့က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဂွမြို့နယ်တွင် သင်္ကြန်ကာလအတွင်း ပြည်သူများသိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များထုတ်ပြန်

**ဂွ ဧပြီ ၁၀**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ စည်းကမ်းသေဝပ်ရေး၊ ပြည်သူများစိတ်အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားနိုင်ရေးကို ရှေးရှု၍ အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များပါဝင်သော ဒေသန္တရအမိန့် (၂/၂၀၂၂)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဧပြီ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ ဒေသန္တရအမိန့်တွင် သင်္ကြန်ရေပက်ကစားရာ၌ အန္တရာယ်ဖြစ်စေသည့် ရေကစားနည်းမျိုး မကစားကြရန်၊ ရေကစားမဏ္ဍပ်အနီးပတ်ဝန်းကျင်တွင် တရားမဝင်အရက်သေစာများ၊ မူးယစ်ဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် တွေ့ရှိပါက တာဝန်ရှိသူများအား သတင်းပေးပို့တိုင်ကြားရန်၊ အမျိုးသမီးများအား ကာယိန္ဒြေပျက်ပြားစေမည့် အပြုအမူမျိုးမပြုလုပ်ကြရန်၊ တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ခြင်း၊ စုဆောင်းခြင်း မပြုလုပ်ကြရန်၊ မြန်မာ့ရိုးရာ သင်္ကြန်နှင့်ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများ မပြုကြရန်၊ ဖြောက်အိုးဖောက်ခြင်း၊ မီးရှူးမီးပန်းများဖောက်ခြင်း မပြုကြရန်၊ ရေကစားခြင်းကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရအပေါ် ဂုဏ်သိက္ခာနှင့် အကြည်ညိုပျက်စေမည့် ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုကြရန် စသည့်အများပြည်သူများသိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်(၈)ချက်ကို ထုတ်ပြန်ထားပြီး စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

- **ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ သာမန်စိုက်ပျိုးမှုဖြင့် ကျေနပ်နေ၍ မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှု စနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းရန်လို**
- **ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်**
- **မြန်မာ့ကော်ဖီ (Myanmar Coffee Brand)ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို**

❖ *ရှေ့ဖုံးမှ*

ကော်ဖီစိုက်ပျိုးရေး နည်းပညာနှင့် စိုက်ပျိုးမှုဧရိယာ တိုးချဲ့လုပ်ဆောင်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့က ပြင်ဦးလွင်မြို့နယ်အတွင်း၌ ကော်ဖီစီမံကိန်းဖြစ်ပေါ်လာမှု အခြေအနေများ၊ မြို့မြေ၊ မြေလွတ်မြေရိုင်း ဧရိယာအတွင်းနှင့် သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးထားရှိမှု၊ စီမံကိန်းများချထားပေးမှုအပေါ် မြေအသုံးချဆောင်ရွက်ထားရှိမှု၊ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် စိုက်ပျိုးမြေများကို အခြားနည်းဖြင့် အသုံးချထားရှိမှုများကို တွေ့ရှိရသည့် အခြေအနေများ၊ စိုက်ပျိုးမြေ စည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှုမရှိပါက စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လုပ်ငန်းရှင်များသို့ အကြောင်းကြားထားရှိသည့် အခြေအနေများ၊ ကော်ဖီစိုက်ပျိုးနည်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ မျိုးစေ့နှင့် ပျိုးပင်များကို ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ရှင်းလင်းတင်ပြစဉ်။

**လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်သည်များကို အစိုးရမှ ဦးဆောင်ဆောင်ရွက်ပေးနိုင်ရေး တင်ပြဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များက ကော်ဖီစိုက်ပျိုးရေးစီမံကိန်းကို ဖော်ဆောင်ရာတွင် အစိုးရတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကော်ဖီလုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ ကော်ဖီစီမံကိန်းများ စတင်ဆောင်ရွက်ပေးခဲ့စဉ် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် မြန်မာ့ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ကော်ဖီလုပ်ငန်းရှင်များ ထိခိုက်နစ်နာခဲ့ရသည့် အခြေအနေများ၊ မြန်မာနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်း၍ နိုင်ငံတကာ ကော်ဖီဈေးကွက်ကို ထိုးဖောက်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကော်ဖီသည် အလားအလာကောင်းသည့် ဈေးကွက်ရရှိလာပြီဖြစ်သည့် အခြေအနေများ၊ ကော်ဖီလုပ်ငန်း အောင်မြင်စွာဖြစ်ပေါ်လာရေး၊ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဦးဆောင်၍လုပ်ငန်းရှင်များအားလုံး ကြိုးပမ်းဆောင်ရွက်ရန်လိုသည့် အခြေအနေများ၊ အစိုးရမှ ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေ ဧရိယာများအတွင်း တရားမဲ့ဝင်ရောက်နေထိုင်ခြင်း၊ ရာသီသီးနှံများ စိုက်ပျိုးခြင်းတို့ကြောင့် ကော်ဖီလုပ်ငန်းရှင်များ၏ ထိခိုက်နစ်နာနေရမှုများကို ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကိုတင်ပြကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကော်ဖီလုပ်ငန်း အောင်မြင်စေရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ရှင်းလင်းတင်ပြစဉ်။

**တင်ပြချက်များအပေါ် လမ်းညွှန်မှာကြား ဖြေရှင်းဆောင်ရွက်ပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များတွင်ပါဝင်သည့် မြို့မြေ၊ မြေလွတ်မြေရိုင်း ဧရိယာအတွင်းနှင့် သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ပေးထားမှုများကို အခြားနည်းလမ်းများဖြင့် အသုံးချထားရှိမှုများ၊ စိုက်ပျိုးခြင်းမရှိမှုများသည် အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေသူများကို ထိခိုက်နစ်နာစေနိုင်သဖြင့် သတ်မှတ် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် နိုင်ငံတော်မှ ခွင့်ပြုချက်ပေးထားသည့် မြေဧရိယာများဖြစ်သည့်အတွက် အခြားနည်းများဖြင့် အသုံးချဆောင်ရွက်နေမှုများကို လက်ခံ၍ ရနိုင်မည်မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းနှင့် အညီသာ ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမြေအတွင်း အဆောက်အဦဆောက်လုပ်ခွင့်များနှင့် ပတ်သက်၍ လုပ်ငန်းအတွက်လိုအပ်သည့် အထောက်အကူဖြစ်စေနိုင်သည့် အဆောက်အဦဆောက်လုပ်ခွင့်များကို ခေတ်ကာလနှင့် လျော်ညီသည့် အဆောက်အဦများ ခွင့်ပြုပေးနိုင်ရေး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

**မြန်မာ့ကော်ဖီ (Myanmar Coffee) ကိုကမ္ဘာ့ဈေးကွက်တွင် အခိုင်အမာ နေရာတစ်ခု ရရှိစေရေး အစိုးရနှင့် လုပ်ငန်းရှင်များ လက်တွဲညီညီဆောင်ရွက်မည်**

ဆက်လက်ပြောကြားရာတွင် ယခင်တပ်မတော်အစိုးရလက်ထက်မှစ၍ ကော်ဖီ စိုက်ပျိုးမှုစီမံကိန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင်လည်း ကော်ဖီစိုက်ပျိုးမှု လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်က ဥရောပနိုင်ငံများတွင်သာ ကော်ဖီစိုက်ပျိုးမှုနှင့် သောက်သုံးမှု များပြားခဲ့သော်လည်း လက်ရှိအချိန်တွင် အာရှနိုင်ငံများ၌လည်း အဓိကထား စိုက်ပျိုးသောက်သုံးလာကြသည်ကိုတွေ့ရှိရကြောင်း၊ ပြင်ဦးလွင်ကော်ဖီသည် ယခင်ကတည်းကပင် အနံ့အရသာနှင့် ပြည့်စုံပြီး နာမည်ရရှိပြီးဖြစ်သည့် ကော်ဖီအမျိုးအစား တစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရာတွင် အရိပ်ရနှင့် အရိပ်မဲ့ စိုက်ပျိုးမှုဟူ၍ရှိပြီး မိမိတို့နိုင်ငံ၌ ရာသီဥတုပြောင်းလဲလာမှုကို ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောသစ်ပင် စိမ်းလန်းစေရေးအတွက် ရည်ရွယ်၍ အရိပ်ရ ကော်ဖီစိုက်ပျိုးရန် ပြင်ဦးလွင်မြို့နယ်၌ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထိုသို့ မြေဧရိယာများ ချမှတ်ပေးခဲ့ရာတွင် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်များရှိသကဲ့သို့ လုပ်ငန်းဆောင်ရွက်မှု မရှိသည်များလည်းရှိကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုမရှိသည်များကို စည်းကမ်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခြင်းရှိသော်လည်း တရားမဲ့နေထိုင်မှုများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်နစ်နာပျက်စီးခဲ့မှုများကို ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျူးကျော်မှုများဖြစ်ပေါ်ခြင်းသည် သတ်မှတ်ကာလအတွင်း စိုက်ပျိုးဧရိယာအတွင်း၌ လုပ်ငန်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မှန်မှန်ကန်ကန် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စည်းကမ်းနှင့် မညီညွတ်သည့် ခွင့်ပြုမြေဧရိယာများကို ပြန်လည်သိမ်းဆည်းပြီး နောက်ပိုင်းတွင်လည်း စနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကော်ဖီစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ၍အောင်မြင်မှုရှိအောင် ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဦးစီးဌာနများအနေဖြင့် လုပ်ငန်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်၍ မူဝါဒ များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရသည်ဖြစ်သဖြင့် ရုံးလုပ်ငန်းဆိုင်ရာများကို စနစ်တကျလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။



ကော်ဖီလုပ်ငန်းရှင်တစ်ဦး တင်ပြစဉ်။



ကော်ဖီလုပ်ငန်းရှင်တစ်ဦး တင်ပြစဉ်။

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ သာမန်စိုက်ပျိုးမှုဖြင့် ကျေနပ်နေ၍ မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှသာလျှင် အရည်အသွေးကောင်းမွန်သည့် ကော်ဖီရရှိမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည့် အရင်းအနှီးများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အမှန်တကယ် အောင်မြင်ပြီး မြန်မာ့ကော်ဖီ (Myanmar Coffee Brand)ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကော်ဖီစိုက်ပျိုးမှုတွင် Robusta နှင့် Arabica ကော်ဖီမျိုးဟူ၍ရှိကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်တွင်း၊

*စာမျက်နှာ ၄ သို့*

◆ **နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်မှုကို ဖြစ်ပေါ်စေရန် နိုင်ငံနှင့် အဝန်းဆောင်ရွက်ပေးလျက်ရှိ**

*စာမျက်နှာ ၃ မှ*

ပြည်ပဈေးကွက်များကို အမြဲမပြတ် လှေ့လာနေရန် လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရန်၊ Quality Product ဖြစ်ရန်၊ ဈေးကွက် ရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုကို အနှောင့်အယှက်ပေးနေမှုများနှင့် ဒေသလုံခြုံရေးကို ထိခိုက်ပျက်စီးစေရေး လုပ်ဆောင်နေမှုများကို လက်ခံ၍ရမည် မဟုတ်ဘဲ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံများအားလုံး လက်တွဲညီညီဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်အတွင်း အဆင့်မြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ စီးပွားရေး ကောင်းမွန်မှုကို ဖြစ်ပေါ်စေရန် နိုင်ငံနှင့် အဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်အပတ်ကပင် ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားမြို့နယ်၌ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန်၊ တောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ရရှိလာသည့် အကျိုးကျေးဇူးများမှ တစ်ဆင့် နိုင်ငံတော်သာယာဝပြောရေး၊ စားရေရိက္ခာပေါများဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ အခန်းကဏ္ဍနှင့် ပုဂ္ဂလိက အခန်းကဏ္ဍဟူ၍ ရှိပြီး အစိုးရက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**မိမိမြို့၊ မိမိဒေသအတွက် မိမိတို့ကိုယ်တိုင်ကြိုးစားရမည်ဟူသည့် စိတ်ဖြင့် ဆောင်ရွက်ကြစေလို**

ပြင်ဦးလွင်ဒေသနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် အေးမြပြီး သစ်ပင်ပန်းမန်များဖြင့် ရောင်စုံလှပသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဥတုသုံးပါးလုံး၌ လာရောက် အပန်းဖြေသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း၊ အိမ်သာ၍ ဧည့်လာခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသသို့ လာရောက်သည့် ခရီးသွားများအနေဖြင့် ကော်ဖီခြံများသို့ လာရောက်လေ့လာ လည်ပတ်စေခြင်းဖြင့်လည်း ဒေသ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း တိုးတက်လာခြင်းသည် ဒေသခံများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်သဖြင့် ဒေသ၏ သန့်ရှင်းသာယာလှပရေးကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ အားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပြီး သန့်ရှင်းသပ်ရပ်၍ မျက်စိပသာဒဖြစ်သည့် နေချင့်စဖွယ် မြို့တော်ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိမြို့၊ မိမိဒေသအတွက် မိမိတို့ကိုယ်တိုင်ကြိုးစားဆောင်ရွက် မည်ဟူသည့်စိတ်ဖြင့် စည်းကမ်းတကျ ဆောင်ရွက်ကြစေလိုကြောင်း၊ စည်းကမ်းတွင် တိုက်တွန်းချက် စည်းကမ်းနှင့် တားမြစ်ချက် စည်းကမ်းဟူ၍ရှိပြီး ဒေသခံများအနေဖြင့် စည်းကမ်းစနစ်တကျရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဒေသ၏ ရှေးယခင်ကတည်းကပင် ရှိခဲ့သည့် ကောင်းမွန်သည့် နာမည်ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြင်ဦးလွင်မြို့၏ နိုင်ငံတကာက သိရှိထားသည့် ကောင်းမွန်သည့် နောက်ခံ သမိုင်းကြောင်းများ ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ဒေသခံများနှင့် ဒေသသို့ လာရောက်ကြသူများအားလုံး စည်းကမ်းစနစ်တကျရှိမည်ဆိုပါက ဒေသသာယာလှပရေးကို အမြဲမပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသ၌ နေထိုင်သူများက စံနမူနာပြဖြင့် စည်းကမ်းစနစ်တကျ နေထိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော် ဘဒ္ဒန္တ သုမန၏ ဂုဏ်ပြုပူဇော်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် တက်ရောက်

ဝါးခယ်မ မေ ၁၀

**နိုင်ငံတော်အစိုးရက ဆက်ကပ်သော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရရှိသည့် စက်ရုံဓမ္မရိပ်သာကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမန ၏ ဂုဏ်ပြုပူဇော်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်း/ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကာ ဆရာတော် ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလခံယူကြပြီး ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မရမ်းချိုကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ ဩဝါဒနာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က သာသနာရေးဆိုင်ရာများ လျှောက်ထား၍ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အား ထပ်ဆင့်ဆက်ကပ် ပူဇော်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဧည့်ပရိသတ်များက မော်လမြိုင်ကျွန်း မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇောတိက ထံမှ ရေစက်ချတရားနာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သဲကုန်း/ကြာဖြူကျေးရွာ၌ ပြုလုပ်သည့် သုံးသီးစိုက် (စပါး၊ ပဲ၊ စပါး) ခြောက်ဧကစိုက်ပျိုးထားရှိမှုနှင့် မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆရာတော် ဘဒ္ဒန္တသုမန အား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် တိုင်း /ခရိုင်/ မြို့နယ်မှ တာဝန်ရှိသူများက ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာ အုပ်စု ကွင်းအမှတ် (၁၀၀၃)၊ ဦးပိုင်အမှတ် (၁၇/၂) တောင်သူ ဦးအောင်နိုင်ထွန်း၏ လယ်မြေအတွင်း သုံးသီးစိုက် (လုပ်ကွက်ငယ်)၊ တောင်သူများ တစ်ဧကဝင်ငွေတိုး ရက် ၉၀ စပါးမျိုး ခြောက်ဧက စံပြစိုက်ခင်းတွင် နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းကို ကြည့်ရှုပြီး မြေဆီလွှာ ဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်မျိုးစေ့) များကို တောင်သူများ လက်ဝယ်ပေးအပ်၍ စုပေါင်းကြဲပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ်တိုးနေမည်

**နေပြည်တော် မေ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ဗားရ်မြို့၊ မြင်းမူမြို့၊ ချောက်မြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ဂန့်ဂေါမြို့နှင့် တောင်ငူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာ (ကြေးမုံ)၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ အောင်လံမြို့၊ အမ်းမြို့၊ ပြည်မြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီနှင့် ကလေးဝမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မအီမြို့တွင် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မြို့ပေါ်လူငယ်များစုပေါင်း၍ မြို့မဗဟိုမဏ္ဍပ်တည်ဆောက်

**မအီ မေ ၁၀**

မအီမြို့တွင် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့မဗဟိုမဏ္ဍပ် တည်ဆောက်နေခြင်းကို မအီမြို့ပေါ် လူငယ်များစုပေါင်း တည်ဆောက်လျက် ရှိကြောင်း သိရသည်။

အဆိုပါ မြို့မဗဟိုမဏ္ဍပ်ကို အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလေးနှင့် မြို့ပေါ်လူငယ်များ စုပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ဗဟိုမဏ္ဍပ်တွင် သီဆိုဖျော်ဖြေရန်အတွက် တောင်ကုတ်မြို့မှ FINGERS PLUS တီးဝိုင်းနှင့် အသံချဲ့စက်များကို ငှားရမ်းပြီး သီချင်းများကို ကြိုတင်လေ့ကျင့်နေပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် ဗဟိုမဏ္ဍပ်အတွက် မအီမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ငွေကျပ်ငါးသိန်း ထည့်ဝင်မတည်ပြီး ဗဟိုမဏ္ဍပ် ဖြစ်မြောက်ရေး ကော်မတီနှင့် ဗဟိုမဏ္ဍပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြသည့် မအီမြို့ပေါ်လူငယ်များက ငွေကျပ် ၁၀ သိန်း ထည့်ဝင်ထားပြီး ဖြစ်ကြောင်း၊ မအီမြို့ပေါ် ရပ်ကွက်များမှ စေတနာရှင်များကလည်း တစ်ဦးချင်းအလိုက် ပံ့ပိုးမှုများရှိကြောင်း၊ သင်္ကြန်ကာလအတွင်း ဖျော်ဖြေရေးကဏ္ဍများအတွက် အခြားကုန်ကျစရိတ် လိုအပ်ချက်များစွာ ရှိနေ၍ စေတနာရှင်များ လိုအပ်နေသေးကြောင်း ဗဟိုမဏ္ဍပ်ဖြစ်မြောက်ရေးကော်မတီမှ ကိုကျော်စွာထွန်းက ပြောသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှင့် ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းများကြည့်ရှုစစ်ဆေး

နေပြည်တော်　ဧပြီ　၁၀

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။**



### စွမ်းဆောင်ရည်မြင့်မားစေရေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းများ မကြာမီဖွင့်လှစ်နိုင်ရေးအတွက် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများကို စနစ်တကျပြင်ဆင်ထားကြရန်၊ လိုအပ်သော အဆင့်မီ သင်ထောက်ကူပစ္စည်းများကို ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ထားကြရန်၊ စာပေဘာသာရပ်များ သင်ကြားရေးအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ယုံကြည်ချက်၊ ခံယူချက်များ မြင့်မားစေရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ တစ်ဦးချင်း အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန် မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များ၊ သင်တန်းများပြန်လည်ဖွင့်လှစ်ချိန်တွင် အသင့်ဖြစ်စေနိုင်ရေးအတွက် သင်ကြားရေးနှင့် စီမံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ကောလိပ်၏ အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားမှု၊ စာသင်ခန်းမများ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ဧည့်ခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာလက်ဆောင်များ ပေးအပ်သည်။

### သက်ကြီးရွယ်အိုစောင့်ရှောက်ရေးသင်တန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Japan Myanmar Association(JMA) တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး သင်တန်းတက်ရောက်နေကြသည့် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုနှင့် **(အပေါ်ယာပုံ)** ထပ်မံဖွင့်လှစ်မည့် သင်တန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေ၊ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာများ၊ အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာ မြေလွတ်နေရာတွင် ဆောင်ရွက်လျက်ရှိသည့် Green House များနှင့် ငါးကန်များတွင် ငါးမွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### မွေးမြူရေးစခန်းအကောင်အထည်ဖော်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၃) ၌ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ သက်သာချောင်ချိရေးအတွက် ကြက်၊ ဝက်၊ ငါး မွေးမြူရေးစခန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်ပြီး သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုလျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ရှင်းလင်းမိတ်ဆက်

**မြစ်ကြီးနား　ဧပြီ　၁၀**

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍ ပိုမိုလျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအစဉ်များ (Unboxing Investment Facilitation Toolkit 2022) ကို ဧပြီ ၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ရှင်းလင်းမိတ်ဆက်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ပိုမိုလွယ်ကူမြန်ဆန်စေပြီး အွန်လိုင်းဝန်ဆောင်မှုမှ တစ်ဆင့် မိမိတို့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ၊ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်မိုးက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအစဉ် ဝန်ဆောင်မှု လေးမျိုးနှင့် အသုံးပြုနည်းများကို မိတ်ဆက်ရှင်းလင်းကာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေး အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များက အစီအစဉ်နှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြည်နယ်ဦးစီးမှူးက ရှင်းလင်းဖြေကြားသည်။

ယနေ့ မိတ်ဆက်ရှင်းလင်းမှုတွင် အစီအစဉ် လေးမျိုးဖြစ်သည့် အီလက်ထရွန်နစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် (DICA Online Solution–DOSo)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်အဖွဲ့ (One Stop Service) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operation Procedures) ၊ Cost of Doing Business in Myanmar Survey Report 2022 နှင့် DICA Info Android Mobile Application တို့ကို ရှင်းလင်းခဲ့ပြီး ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံသူများအပြင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ/ အလားအလာရှိသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေပြီး ထိရောက်အကျိုးရှိသည့် ဝန်ဆောင်မှုများဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော်　ဧပြီ　၁၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ် ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ရွှေဟင်္သာကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ သာသနဟိတကာရီတပ်ဦး ဘုန်းတော်ကြီးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် နှစ်သစ်ကူးရုံးပိတ်ရက် ကာလအတွင်း လာရောက်အပန်းဖြေကြသည့် ခရီးသွားဧည့်သည်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

မူမူသွင်

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ SEAGF COUNCIL အစည်းအဝေး တက်ရောက်

**နေပြည်တော် ဧပြီ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ Borei Angkor Resort and Spa ၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည့် SEAGF COUNCIL အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ SOUTH EAST ASIAN GAMES FEDERATION မှ တာဝန်ရှိသူများနှင့် SEAGF COUNCIL အဖွဲ့ဝင်များက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**





ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ SEA Games ကျင်းပရေးလုပ်ငန်းကော်မတီ ပူးတွဲဒုဥက္ကဋ္ဌ H.E.DR. THONG KHON က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် SEA Games ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ SAMDECH PICHEY SENA TEA BANH က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် SEAGF COUNCIL အဖွဲ့ဝင်များက အသီးသီး နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ က အရှေ့တောင်အာရှဒေသတွင်းမှ SEAGF အဖွဲ့ဝင်များနှင့် ထပ်မံတွေ့ဆုံရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင်း၌ အားကစားလှုပ်ရှားမှုများဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြှင့်တင်ရေးဆောင်ရွက်မှုများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားရန်မျှော်လင့်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 32nd SEA Games အတွက် အစစအရာရာ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပေးပါကြောင်း၊ လာမည့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် 31st SEA Games တွင် တွေ့ဆုံရန် မျှော်လင့်ပါကြောင်း မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ SEA Games ကျင်းပရေးလုပ်ငန်းကော်မတီ ပူးတွဲဒုဥက္ကဋ္ဌ H.E.DR. THONG KHON မှ 32nd Combodia SEA Games တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း အမျိုးအစားများကို ရှင်းလင်းပြောကြားရာ SEAGF အဖွဲ့ဝင်နိုင်ငံများက ထပ်မံထည့်သွင်း ကျင်းပလိုသည့် အားကစားနည်းများကို အဆိုပြုတင်ပြဆွေးနွေးပြီး ဆပ်ကော်မတီအလိုက် အတည်ပြုချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ SEA Games ကျင်းပရေးကော်မတီတာဝန်ရှိသူက 31st SEA Games နှင့်ပတ်သက်သည့် အချက်အလက်များ၊ ကျင်းပမည့်နေရာများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထိုနောက် ကမ္ဘောဒီးယားနိုင်ငံ SEA Games ကျင်းပရေးကော်မတီတာဝန်ရှိသူက 32nd SEA Games နှင့်ပတ်သက်သည့် အချက်အလက်များ၊ ကျင်းပမည့်နေရာများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံတွဲမြို့ မြတင်ကျေးရွာ ဗားတောင်းတောင်၌ အောက်ဆီဂျင်စက်ရုံသစ်ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဧပြီ ၁၀**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် မြို့ပြင်ကျေးရွာအုပ်စု ဗားတောင်းတောင်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀ အပါအဝင် စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၁၅၀၀ အကုန်အကျခံကာ သံတွဲမြို့နယ် မြတင်ကျေးရွာ ဗားတောင်းတောင်ရှိ ပရဟိတ သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ ဦးစီး၍ တည်ဆောက်ပြီးစီးခဲ့သည့် အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အောက်ဆီဂျင်စက်ရုံသစ်ရှေ့၌ ပြုလုပ်ရာ ပရဟိတ သိမ်ကုန်းကျောင်းတိုက် ဆရာတော် ကြွရောက်တော်မူပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပရဟိတသိမ်ကုန်းကျောင်းတိုက် ဆရာတော်၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌက အောက်ဆီဂျင်စက်ရုံ ဖြစ်ပေါ်လာရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အလှူရှင်မိသားစုများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး တက်ရောက်လာကြသူများက အောက်ဆီဂျင်စက်ရုံသစ် စတင်ထုတ်လုပ်နေမှုများအား လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ အောက်ဆီဂျင်စက်ရုံကို ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့်အခြား အထွေထွေရောဂါဝေဒနာရှင်များအား ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၁၂၀ ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နွားထိုးကြီး - တောင်သာလမ်းပေါက်၍ ခရီးသွားတို့ အဆင်ပြေချောမွေ့

**နွားထိုးကြီး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးနှင့် တောင်သာရာသီမရွေးသွားနိုင်သော ကတ္တရာကျောက်လမ်းခင်းပြီး၍ အချိန်တိုတိုဖြင့် သွားလာနိုင်ကြောင်း တောင်သာဒေသခံတို့က ပြောသည်။

ယခင်မန္တလေးသို့ သွားလိုလျှင် မြင်းခြံမှ ပတ်၍လည်းကောင်း၊ မိတ္ထီလာမှ ပတ်၍လည်းကောင်း ကွေ့ဝိုက်သွားရသော တောင်သာလမ်းမှာ မိုင်၂၀ ဖြင့် နွားထိုးကြီးကို ဖြတ်၍ မန္တလေးသို့ခရီးတို၊ အချိန်တိုဖြင့် သွားနိုင် ပြီဖြစ်သည်။ နွားထိုးကြီး- တောင်သာလမ်းပေါက်၍ မြင်းခြံမှ ၃၅ မိုင်သွားရသောလမ်းမှာ မိုင်၂၀ ဖြင့် ၁၅ မိုင် ခရီးတို သွားနိုင်သည်။

ကိုလိုနီခေတ်က ခေါင်းပါးရေးလမ်းအဖြစ် နာမည်ကျော်ခဲ့သော မြေသားလမ်းမကို ကျောက်ကတ္တရာခင်း၍ ရာသီမရွေးသွားလာနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးဌာနက ဖောက်လုပ်အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်သည်။ နွားထိုးကြီးမှာ တောင်သာလမ်းကြောင့် လမ်းဆုံကျပြီး စည်ကားတိုးတက်လာနေကြောင်းလည်း သိရသည်။

**ဝ၁၈**

# ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်၌ ရုပ်ရှင်နှင့် ဂီတပညာရှင်များ ဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် ဧပြီ ၁၀**

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှစ်နှစ်တိုင်တိုင် ကျင်းပခြင်း မရှိခဲ့သော်လည်း ယခုနှစ်တွင် ရန်ကုန်မြို့တော်နေပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စေရန် ပြန်လည်ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်တွင် ယိမ်းအကပြိုင်ပွဲများ၊ ရုပ်ရှင်နှင့် ဂီတပညာရှင်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ သဘင်ပညာရှင်များ၏ အကများဖြင့် တင်ဆက်မှုများအပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ညွှန်းသည့် လမ်းလျှောက်သင်္ကြန်ကိုလည်းထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**အာကာစိုး**

# သာပေါင်းမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်း

**သာပေါင်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်ခဲ့သော နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က မြို့နယ်ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲတွင် သင်တန်းဆင်း ဘောလုံးအသင်းနှစ်သင်းတို့ ယှဉ်ပြိုင်ကစားကြပြီးနောက် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ မြန်မာ့ရိုးရာသိုင်းနှင့် ပြေးခုန်ပစ် အားကစားနည်းများမှ ထူးချွန်အားကစားသမားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် ဌာနဆိုင်ရာများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဒေါ်ချိုသဲက နွေရာသီ အခြေခံအားကစားသင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **မျိုးဇော်သိန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ခရီးစဉ်များ ဖော်ထုတ်ရန်လိုအပ်

နေပြည်တော် မေ ၁၀

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ ခရီးသွားလာရေးဆိုင်ရာ အချက်အလက်များနှင့် လိုအပ်သည့် သတင်းအချက်အလက်များ လွယ်ကူစွာ ရယူနိုင်ရန် ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေး ကောင်တာများကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။** (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းတာဝန်ခံနှင့် ဌာနဆိုင်ရာများ၊ လေဆိပ်တာဝန်ရှိသူများနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ မန္တလေးဇုန်ရှိ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ညီနောင်အသင်းများမှ တာဝန်ရှိသူများအား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အစည်းအဝေးအခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် များစွာ အထောက်အကူ ပြုပါကြောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ကို ပန်းခင်းစီမံချက်ဖြင့် ထုတ်ပေး ဆောင်ရွက်လျက်ရှိရာ ခရီးသွားဝန်ဆောင်မှုပေးရာတွင် စနစ်တကျ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ခရီးစဉ်များနှင့် ခရီးစဉ်ဒေသများကို ဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် Enchanting Myanmar Health and Safety Protocol (HSP) အစီအစဉ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ဒေသအဆင့်နှင့် နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ် ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကွာရန်တင်းထားမည့် ဟိုတယ်များကိုလည်း နိုင်ငံအဆင့် (HSP) အသိအမှတ်ပြုလက်မှတ်ရရှိရေး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်း စနစ်တကျ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ ပြင်ဦးလွင်ဇုန် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင် များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားဧည့်သည်များကို လုံခြုံစိတ်ချရသည့် ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ခရီးသွားများ၏ ယုံကြည်စိတ်ချမှု ပိုမိုရရှိနိုင်ရန် ဟိုတယ်များအနေဖြင့် နိုင်ငံအဆင့် (HSP) အသိအမှတ်ပြု လက်မှတ်ရရှိအောင် ဆောင်ရွက်ထားသင့်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ကာလတို/ကာလရှည် အစီအမံများ ရေးဆွဲဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ အခက်အခဲများနှင့် သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်



# ပန်းဘဲတန်းမြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းပေါ်ရှိ ကျုံလီယာဂျာမေဗလီတွင် ဥပုသ်ဝင်ရောက်သူ ၂၀၀၊ တရားပေးဆရာ လေးဦး၊ ဗလီအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် သုံးဦးတို့အတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သွားရောက်ပေးအပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

# ပင်းတယမြို့ရှိ သမိုင်းဝင် ပုန်းတလုတ်ရေကန် တိမ်ကောမှုမရှိစေရန် ရေများဖြည့်သွင်း

**ပင်းတယ မေ ၁၀**

နွေရာသီ ရေရှားပါးသည့်အချိန်တွင် ပင်းတယမြို့လယ်ရှိ ရှေးဟောင်းသမိုင်းဝင် ပုန်းတလုတ်ရေကန်အတွင်း ရေခန်းခြောက်မှုမဖြစ်စေရန် ရည်ရွယ်၍ မြို့၏ အနောက်မြောက်တောင်ခြေရှိ သဘာဝဇော်ဂျီရေထွက်ချောင်းမှ ရေများကို ရေကန်အတွင်းသို့ ရေသွင်းပိုက်များဖြင့် ရေဖြည့်တင်းခြင်းကို မေ ၇ ရက်မှ စတင် ဆောင်ရွက်လျက်ရှိသည်။**(ယာပုံ)**

အဆိုပါ ပုန်းတလုတ်ရေကန်အတွင်း ရေဖြည့်တင်းခြင်း ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် လူငယ်လူရွယ်များက မေ ၅ ရက်မှစတင်ကာ ပျက်စီးပေါက်ပြဲနေသော ရေပိုက်များကိုပြင်ဆင်ခြင်း၊ ပြတ်နေသည့်နေရာများအတွက် ရေပိုက်များတပ်ဆင်ခြင်း၊ ပုန်းတလုတ်ရေကန်အတွင်းရှိ အမှိုက်သရိုက်များနှင့် ဖောင်းတောပင်များကို ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် မိုးရွာသွန်းသည့်အခါ ရေဝင်၊ ရေထွက်ကောင်းမွန်ရေး၊ ရေကန်အတွင်းသို့ ရေဝင်လမ်းကြောင်းများအား လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် တူးဖော်ပေးခြင်းများ ပူးပေါင်းဆောင်ရွက်ကြပြီးနောက် မေ ၇ ရက်မှစတင်ကာ ပင်းတယမြို့နှင့် လေးမိုင်ခွဲခန့်ကွာဝေးသော တောတောင်သဘာဝရေထွက်ပေါက်များမှ ဖြစ်ပေါ်လာသည့်သဘာဝဇော်ဂျီရေထွက်ချောင်းမှရေများကို သွယ်ယူ၍ ရေကန်အတွင်းသို့ ရေဖြည့်တင်းခြင်းဖြစ်သည်။

ရေဖြည့်တင်း ဆောင်ရွက်ရာတွင် တစ်နေ့လျှင် အချိန် သုံးနာရီခန့် တစ်ကြိမ်သာ ရေဖြည့်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် ရေဂါလန် တစ်သိန်းဝန်းကျင်ခန့် ပုန်းတလုတ်ရေကန်အတွင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ပင်းတယမြို့လယ်ရှိ ပုန်းတလုတ်ရေကန် အစဉ်အမြဲ သန့်ရှင်းသာယာလှပရေးနှင့် ရေကန်အတွင်း ရေများဖြည့်တင်းဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ ကူညီပံ့ပိုးမှုနှင့်အတူ ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ၂၀၁၇ ခုနှစ် မေလမှစ၍ ဆောင်ရွက်ခြင်းဖြစ်သည်။

အကျယ်အဝန်းအားဖြင့် ၈၂ ဒသမ ၇၅ ဧက ဝန်းကျင်ရှိသည့် ပုန်းတလုတ်ရေကန်သည် ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် ရေခန်းခြောက်မှုကြောင့် မူလရေအနက် ၁၄ ပေ ကျော်ရှိခဲ့ရာမှ ယခုအခါ ရေအနက် ခြောက်ပေခန့်သာ ကျန်ရှိတော့သဖြင့် ကန်ရေပြင်အလှ ပျက်စီးမှုမဖြစ်ပေါ်စေရန် ဇော်ဂျီ သဘာဝရေထွက်ချောင်းမှ ရေများ ဖြည့်တင်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်းနှင့် ယခုလို ရေဖြည့်တင်းခြင်းကြောင့် ဇော်ဂျီရေထွက်ချောင်းမှရေများ သိသိသာသာ လျော့နည်းထိခိုက်မှုမရှိစေရန်လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အခမ်းအနား ကျင်းပ

**နေပြည်တော်  မေ ၁၀**

၂၀၂၂ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ယာဉ်ရပ်နားကွင်းရှိ ရေကစားမဏ္ဍပ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။



**နှုတ်ခွန်းဆက်ပြောကြား**

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အတာသင်္ကြန် နှစ်သစ်ကူးနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒုတိယဝန်ကြီး ဦးထွန်းအုံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး (အပေါ်ပုံ) ကြွရောက်လာကြသူများက သပြေခက်ဖြင့် နှစ်သစ်ကူးအတာ ရေစင်ပက်ဖျန်း ပေးကြသည်။

**စုပေါင်းဖျော်ဖြေ**

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများက သာဂူ၊ မုန့်လုံးရေပေါ်၊ ကြာဆံချက်၊ မန်ကျည်းကျောက်ကျော၊ ရွှေရင်အေး၊ ရေခဲမုန့်၊ ကိတ်မုန့်နှင့် မုန့်လက်ဆောင်း စသည့် သင်္ကြန် ရိုးရာစတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကြပြီး အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ ယိမ်းအဖွဲ့က သင်္ကြန်တေးသီချင်းများ၊ ယဉ်ကျေးမှုယိမ်းအကများ၊ သံချပ် တို့ဖြင့် တပျော်တပါး စုပေါင်းဖျော်ဖြေကြရာ အနုပညာရှင် ဝန်ထမ်းယိမ်းအဖွဲ့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ပါဝင်ဆင်နွှဲ**

၂၀၂၂ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်း မိသားစုများ၏ ပထမအကြိမ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စု ဝန်ကြီး ဦးချစ်နိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်း မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် မဟာသင်္ကြန်ရေသဘင်ပွဲတော် အကြိုပြင်ဆင်နေမှုများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန်  မေ ၁၀

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပလရ ရပ်ကွက် ဗိုလ်ခြံမှတ်တိုင်အနီးရှိ ဆုတောင်းပြည့်ကပ်ကျော်ဘုရားနှင့် ထောက်ကြန့်လမ်းဆုံအကြား ပြည်လမ်း တစ်လျှောက် လမ်းသားများခြစ်၍ ကတ္တရာကွန်ကရစ် (AC) ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး (အောက်ပုံ) လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားသည်။**



**သန့်ရှင်းသာယာသပ်ရပ်ရေး**

ထိုမှတစ်ဆင့် ပြည်လမ်း တစ်လျှောက် ရှမ်းစုမှတ်တိုင်အနီး မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် ၀၂၅ ဓာတ်ငွေ့ဖြည့်တင်းသည့် မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှု မရှိစေရေးနှင့် စနစ်တကျ ရပ်စောင့်နိုင်ရေးအတွက် လမ်းတိုးချဲ့ခင်းကျင်းရန် မှာကြား၍ လည်းကောင်း၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက် ပြည်လမ်း အမှတ်(၉) အလယ်တန်းကျောင်းရှေ့တွင် အုတ်တံတိုင်းနှင့် လူသွားစင်္ကြံအကြား မြေပြင်ညှိ၍ မြေယာရှုခင်းပြုပြင်ဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့ သွားရောက်၍ ၁၃၈၃ ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲတော်အတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ ပကာသနမဖက်သော ရေကစားမဏ္ဍပ်များ တည်ဆောက်နေမှုကို လည်းကောင်း၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်နှင့် ကျောက်တံတားမြို့နယ်များအတွင်း ရေကစားမဏ္ဍပ်များ တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မဏ္ဍပ်များ ကြံ့ခိုင်ကောင်းမွန်စေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အညီ ပြင်ဆင်ဆောင်ရွက်ရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**စိတ်လက်ပျော်ရွှင်ရေး**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နှစ်နှစ်တိုင်တိုင် ကျင်းပခြင်းမရှိခဲ့သော်လည်း ယခု ၂၀၂၂ ခုနှစ် မြန်မာ သက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ နှစ်ဟောင်းကုန်လွန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် အခါသမယတွင် ရန်ကုန်မြို့တော်နေ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စေရေး အတွက် ပြန်လည်ကျင်းပနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက စီစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပိတောက်အားမာန် မြန်မာ့ဟန်

* သံသာဝေ ကဗျာတွေ ညွန်းကာကွဲ့
ထံတျာခြွေ သဟာဆွေ ခွန်းဖြာလို့
သင်္ကြန်ခါလေ တာရေသွန်းပါပေ့ါ
မြန်မာပြည်တစ်ဝန်း သာလွန်းသည်။

* နေအပူ ရဲချင်ရဲ
လေအပူ သဲချင်သဲ
နွေအပူ ကဲချင်ကဲ
မာန်ဖွဲ့ကို ဘယ်မလျှော့လေဘဲ
ခေါင်းမော့ကာ ရင်ဆိုင်လို့
လောကဒဏ် ခံနိုင်စွမ်းလေတော့
ဆန်းသလောက်ကွယ် သိန်သရေဝင့်
လမ်းတစ်လျှောက်ဝယ် စိန်ရွှေဆင့်
ပန်းပိတောက်ရယ် ထိန်ဝေတင့်
ကြွားဝင့်ခဲ့ပြီ။

* ဩော် တစ်နှစ်တစ်ခါပေ့ါ
အချစ်သဒ္ဒါမပျက် ကျော်လွှားခဲ့လေတဲ့
သစ္စာဘက်တော်သားပေမို့
ပန်းများအလယ် ထိန်ထိန်တောက်ရှော့ထင့်
ပိတောက်ဟာ မြန်မာလူမျိုးတို့ရဲ့
"မညှိုးတဲ့ ဇာတိမာန်
အညှံ့မခံတဲ့ သတ္တိဖွဲ့
မလှဲမလံ  အောင်အတိတ်ရယ်နှင့်
အောင်စိတ်ကို လှစ်ဖော်ကျူးသည်" မို့
နှစ်ဦးမွှန် အလှဆန်းလေတဲ့
မြန်မာ့ပန်းလို့ ခေါ်ထိုက်သည်
ဆင်းသိင်္ဂီ ရွှေရည်ပျို့။

* ပန်းပိတောက် ပမာလေ
လျှမ်းမောက်စွာ ဘဝအမြင်နှင့်
အလှအယဉ်တွေ အစဉ်ခြွေသွားပါလို့
တို့များဆိုချင်ပါရဲ့
ကဲလာလေ သဟာဆွေတစ်စုတို့ရဲ့
ရွှဲပါစေ အတာရေမှုပါနဲ့
သူ့ရင်ကို အေးစေကြောင်း
ကိုယ့်ရင်ကို အေးစေကြောင်း
နှစ်ဟောင်းခါ အညစ်ကြေးကိုဖြင့်
နှစ်သစ်ခါ အသစ်တွေးရယ်နဲ့
ဆေးကြောကာ အတာပွဲကို
နွှဲလိုက်ကြစို့ ။  ။

**မြင်းမူမောင်နိုင်မိုး**

## မိုးညှင်းမြို့၌ ဖြတ်သန်းမောင်းနှင်နေကြသည့် မော်တော်ယာဉ်လိုင်း ၂၅ လိုင်းအနက် သင်္ကြန်ကာလအတွင်း၌ ၂၃ လိုင်း ပုံမှန်အတိုင်းပြေးဆွဲမည်

**မိုးညှင်း  မေ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့အတွင်းသို့ ဖြတ်သန်းမောင်းနှင်နေကြသည့် မော်တော်ယာဉ်လိုင်း ၂၅ လိုင်း ရှိသည့်အနက် သင်္ကြန်ကာလအတွင်း၌ ၂၃ လိုင်းသာ ပုံမှန်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်းများသည် မြစ်ကြီးနား - မန္တလေး - ရန်ကုန် စသည့် အခြားမြို့များသို့ ပြေးဆွဲကြရာ မိုးညှင်းမြို့မှ စတင်ထွက်ခွာပြေးဆွဲသည့် မော်တော်ယာဉ်လိုင်း သုံးလိုင်းသာရှိပြီး ၎င်းယာဉ်လိုင်း သုံးလိုင်းသည် မေ ၁၃ ရက်မှ ၁၇ ရက်အထိ ခေတ္တပိတ်နားထားမည်ဖြစ်ကြောင်း၊ နှစ်ဆန်း ၂ ရက်နေ့တွင် ကားကြီးကွင်း၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းများ ပြုလုပ်ပြီး မြို့ပေါ်ယာဉ်လိုင်းများ ယခင်ပုံမှန်အတိုင်း စတင်ပြေးဆွဲမည်ဖြစ်၍ ကျန်ရှိနေသည့် မော်တော်ယာဉ်လိုင်း ၂၃ လိုင်းသည် ပုံမှန်အတိုင်းပြေးဆွဲသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ် အသင်းဥက္ကဋ္ဌ ဦးနေဝင်းထံမှ သိရသည်။ **ဇွဲသူရအောင်(ပြန်/ဆက်)**

# သင်္ကြန်ကာလ စက်မှုဇုန်အလုပ်သမားများ နေရပ်သို့ပြန်ရာတွင် အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ပေးနေ

**ရန်ကုန် မေ ၁၀**

သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် စက်မှုဇုန်များမှ အလုပ်သမားများ နေရပ်ဒေသအသီးသီးသို့ ပြန်ရာတွင် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စနစ်တကျဖြစ်စေရန် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၈ ရက်က ပြုလုပ်သည်။**(အောက်ပုံ)**



အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်း ဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ အလုပ်သမားများ သင်္ကြန်ရုံးပိတ်ရက်များတွင် နေရပ်ဒေသအသီးသီး သို့ပြန်ရာ၌ အခက်အခဲဖြစ်ပေါ်မှု မရှိစေရန်နှင့် အဆင်ပြေချောမွေ့စေပြီး စနစ်တကျဖြစ်စေရေး ဖြေရှင်းဆောင်ရွက်ကူညီပေးရန် ဌာနအလိုက် တာဝန်ရှိသူများကိုခေါ်ယူ၍ အစည်းအဝေးပြုလုပ်ရခြင်း ဖြစ်ကြောင်းပြောကြားသည်။

**ယာဉ်လိုင်းများနှင့် ချိတ်ဆက်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက နေရာဒေသအသီးသီးမှ လာရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များ၌ အလုပ်လုပ်နေသော အလုပ်သမားများ သင်္ကြန်ရုံးပိတ်ရက်ကာလများတွင် မိမိနေရပ်ဒေသများသို့ အဆင်ပြေစွာ ပြန်နိုင်ရေး တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အစီအမံများကို လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက အလုပ်သမားများ နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေး သက်ဆိုင်ရာယာဉ်လိုင်းများနှင့် ချိတ်ဆက် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက စက်မှုဇုန်များမှ အလုပ်သမားများ နေရပ်သို့ပြန်ရာတွင် အဆင်ပြေချောမွေ့ပြီး စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိသည့် အစီအမံများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## မိုးညှင်းမြို့၌ သင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် စည်ကားစွာကျင်းပမည်

**မိုးညှင်း မေ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မဟာသင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီတို့၏ ကြီးကြပ်စီမံမှုဖြင့် မိုးညှင်းမြို့စုပေါင်းရုံးရှေ့၌ ဗဟိုမဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ထားပြီး အဆိုပါမဏ္ဍပ်များတွင် ယိမ်းအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ တေးသီချင်းများဖြင့် ဖျော်ဖြေရေးအစီအစဉ်များ၊ အခြားဖျော်ဖြေရေးအစီအစဉ်များဖြစ်သည့် ပျော်ပွဲရွှင်ပွဲများနှင့် ခရိုင်/မြို့နယ်ဦးစီးဌာနအလိုက် စတုဒိသာမုန့်ကျွေးမွေးဧည့်ခံခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဇွဲသူရအောင်(ပြန်/ဆက်)**

## ကံမမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပမည်

**ကံမ မေ ၁၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အမှတ်(၂)ရပ်ကွက် မြို့လယ်လမ်းဆုံနေရာတွင် ဗဟိုမဏ္ဍပ် တည်ဆောက်ထားပြီး ရေပက်ကစားခြင်းနှင့် ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကံမမြို့နယ်၌ ယမန်နှစ်များက ကိုဗစ်-၁၉ ရောဂါကြောင့် သင်္ကြန်ပွဲတော်ကို မကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဗဟိုရေကစားမဏ္ဍပ်၌ယိမ်းအဖွဲ့များက အလှည့်ကျကပြဖျော်ဖြေခြင်း၊ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မြန်မာ့နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့တွင် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းနှင့် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## မြစ်ကြီးနားမြို့၌ ဗဟိုမဏ္ဍပ်အပါအဝင် လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား မေ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်တို့နှင့်အတူ လမ်းလျှောက်သင်္ကြန် ပွဲတော်ကိုပါ ထည့်သွင်းကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



သင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် မြစ်ကြီးနားမြို့ ရုံးကြီးလမ်းနှင့် အား/ကာတိုက်တန်းလမ်းထောင့် မြို့တော်ခန်းမရှေ့၌ ကချင်ပြည်နယ် အစိုးရအဖွဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်ကို တည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မင်းရပ်ရပ်ကွက်ရှိ ပြည်သူ့ရင်ပြင်အတွင်းနှင့် ရောဦးပန်းခြံအထိ ကမ်းနားလမ်းတစ်လျှောက်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော် ထည့်သွင်းကျင်းပနိုင်ရေးအတွက်လည်း ပုသိမ်ထီးများဖြင့် အလှဆင်ချိတ်ဆွဲထားပြီး ရေပန်းပိုက်များတပ်ဆင်၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ပြည်နယ်အစိုးရအဖွဲ့ ဗဟိုမဏ္ဍပ်၌ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအကအလှပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုများကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ဆုများ ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း နှင့် ဝန်ကြီးဌာနများကလည်း သင်္ကြန်ပွဲတော်ရက်များအတွင်း စတုဒိသာများ ကျွေးမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံ ပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၀၆၅၆ ဦး၊ ရခိုင် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၆၁၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၇၄၂၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၅၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရေချိုးတာရေး နည်းလမ်းများ

❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# မဟာသင်္ကြန်ကာလတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပြုစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

မကြာမီ မြန်မာလူမျိုးတို့၏ မဟာသင်္ကြန်ပွဲတော်ကြီး ကျရောက်တော့မည်ဖြစ်သည်။ ရပ်ကွက်ထဲတွင် သင်္ကြန်တေးသီချင်းများ ကြားနေရပြီး သင်္ကြန်အငွေ့အသက်ကို ကြိုတင်ခံစားနေရပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် သင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။ သင်္ကြန်ကာလကို အသက်အရွယ်အလိုက် ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းကြသည်။ လူငယ်များသည် ရေကစားကြသည်။ လူလတ်ပိုင်းအရွယ်များက အလှူအတန်းပြုလုပ်ကြသည်။ လူကြီးပိုင်းများသည် ဘုရား တန်ဆောင်း၊ ဘုန်းကြီးကျောင်းများသို့သွားကာ ဥပုသ်သီတင်းသီလဆောက်တည်ကြသည်။ တရားရိပ်သာဝင်ကြသည်။ အမှန်တော့ မဟာသင်္ကြန်သည် မြန်မာတို့အတွက် ထူးခြားလေးနက်သော ပွဲတော်တစ်ခုပင်ဖြစ်သည်။ သင်္ကြန်ရေပက်ဖျန်းရင်း ကောင်းမှုကုသိုလ်လည်း ပြုလုပ်ခွင့်ရကြသည်။

## ရေကစားခြင်းနှင့် ကုသိုလ်ပြုခြင်း

သင်္ကြန်အကြိုနေ့တွင် နိုင်ငံတစ်ဝန်းရှိ ရေကစားမဏ္ဍပ်များကို ဖွင့်လှစ်ကြသည်။ ရောင်စုံဝတ်စုံများဖြင့် လှချင်တိုင်းလှနေကြသည့် ယိမ်းပျိုဖြူများ၏ ရှုမငြီးဖွယ်အကအလှကို ရုပ်မြင်သံကြားလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပေးသည်။ အကြိုနေ့မှစ၍ ရေကစားမဏ္ဍပ်များတွင် လှပျိုဖြူယိမ်းအဖွဲ့များက လာရောက်ဖျော်ဖြေကြသည်။ အထူးသဖြင့် နာမည်ကြီးအနုပညာရှင်များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုခွင့်ရရှိကြသည်။ ရေကစားမဏ္ဍပ်များတွင်ပျော်ရွှင်အေးချမ်းစွာရေကစားကြပြီး အကအလှများ ကြည့်ရှုခံစားကာ မြန်မာအစားအစာများကို စားသောက်ရင်း ဖြတ်သန်းကြရသဖြင့် တစ်နှစ်ပတ်လုံး ပင်ပန်းလာမှုများကို ပြေပျောက်စေပါသည်။

မြန်မာတို့သည် သင်္ကြန်ကာလကို အပျော်သက်သက်ဖြင့် ကုန်ဆုံးလေ့မရှိပေ။ သင်္ကြန်ကာလတွင်း၌ ရေကစားနေသည့်တိုင်အောင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင်မူ ဘုရား၊ ကျောင်းကန်များသို့ရောက်ဖြစ်ကြသည်။ ထိုနေ့တွင် တိရစ္ဆာန်များအားဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ရေလှူခြင်း၊ ဘုရားစေတီများကို ရေသပ္ပာယ်ခြင်း၊ သက်ကြီးဘိုးဘွားများကို လက်သည်း ခြေသည်းညှပ်ပေးခြင်း၊ ရေချိုး ခေါင်းလျှော်ပေးခြင်း၊ တတ်နိုင်သမျှကန်တော့လှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ် အမျိုးမျိုးကို ပြုလုပ်ဖြစ်ကြသည်။

## နွေရာသီနှင့် ခရမ်းလွန်ရောင်ခြည်

မြန်မာနိုင်ငံတွင် နွေရာသီအပူချိန်သည် မတ်လကတည်းက တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်။ အချို့သောဒေသများတွင် အပူချိန် ၄၃ ဒီဂရီ စင်တီဂရိတ်အထိ ရှိနေပြီဖြစ်သည်။ အပူချိန်မြင့်မားသော နေ့ခင်းဘက်နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် ပါဝင်မှုနှုန်း မြင့်မားလာလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားရှိသည်။ မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် နွေရာသီ၌ ခရမ်းလွန်ရောင်ခြည် ပိုမိုကျရောက်လေ့ရှိသည်။ ထိုဒေသများရှိ ပြည်သူများသည် သင်္ကြန်ကာလတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုလည်း အထူးဂရုပြု ကာကွယ်သင့်ပါသည်။



## ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ

ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်းတစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ၎င်းရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့် ခရမ်းရောင်ထက် လှိုင်းနှုန်း၊ အလျားနှင့် စွမ်းအင်တို့ ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်က ဂျာမနီရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်တွင် အခြေခံအားဖြင့် Ultraviolet A–UVA၊ Ultraviolet B–UVB နှင့် Ultraviolet C– UVC တို့ကိုသာ လူသိများကြသည်။ ထို့အပြင် Near Ultraviolet–NUV၊ Middle Ultra-violet– MUV၊ Far Ultraviolet– FUV၊ Hydrogen Lyman–alpha – H lyman–'a၊ Vacuum Ultra-violet– VUV နှင့် Extreme Ultraviolet–EUV တို့ကိုလည်းတွေ့ရှိနိုင်ပါသည်။

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီနှင့် ခရမ်းရောင်ဟူ၍ ခွဲခြားထားသည်။ အစိမ်းရောင်သည် အညွှန်းကိန်း(၀ မှ ၂ ဒသမ ၉) အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း နည်းပါးသည်။ ထိုအခြေအနေမျိုးတွင် ပြင်းထန်သည့်နေရောင်အောက်သို့ သွားလာမည်ဆိုပါက နေကာမျက်မှန်နှင့် နေပူခံလိမ်းဆေးတို့ကို အသုံးပြုထားသင့်သည်။ အဝါရောင်သည် အညွှန်းကိန်း(၃ မှ ၅ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည် အတန်အသင့် ပါဝင်လာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် သတိထားရတော့မည်ဖြစ်သည်။ နေရောင်ခြည်အောက်သို့ သွားလာမည်ဆိုလျှင် နေရောင်မထိအောင် လုံလုံခြုံခြုံဝတ်ဆင်သွားရန် လိုအပ်သည်။ အထူးသဖြင့် အပူချိန်မြင့်မားသည့် နေ့ခင်းဘက်တွင် အရိပ်အာဝါသအောက်၌သာ နေထိုင်သင့်သည်။

လိမ္မော်ရောင်သည် အညွှန်းကိန်း(၆ မှ ၇ ဒသမ ၉) အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်တစ်ခုလုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်ခြင်းမှ ကာကွယ်နိုင်သည့် အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ ထီး၊ ဦးထုပ်များဆောင်းခြင်း၊ နေလောင်ဒဏ်ကာကွယ်သည့်ခရင်မ် (Sun Protection Factor– SPF) များ ကြိုတင်သုံးစွဲခြင်း၊ နေရောင်ခြည်အောက်သို့ သွားလာခြင်းကို အတတ်နိုင်ဆုံးရှောင်ရှားခြင်းတို့ ပြုလုပ်ရန် လိုအပ်လာပြီဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်း(၈ မှ ၁၀ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း အလွန်မြင့်မားလာပြီဖြစ်ကာ ထိုအခြေအနေမျိုးတွင် SPF များသုံးစွဲခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ ဦးထုပ်နှင့် ထီးဆောင်းခြင်းနှင့် နေရောင်ခြည်အောက်သို့ ကြာမြင့်စွာ သွားလာခြင်းတို့ကို အထူးဂရုပြုရှောင်ရှားသွားရန် လိုအပ်သည်။

ခရမ်းရောင်သည် အညွှန်းကိန်း( ၁၁နှင့် အထက်) ရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာမြင့်မားနေသည့် အန္တရာယ်ရှိသောအဆင့်ဖြစ်သည်။ အဘက်ဘက်မှသတိထားရမည့် အခြေအနေဖြစ်သည်။ ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ခံ SPF များ သုံးစွဲခြင်း ၊ အင်္ကျီလက်ရှည်နှင့်ဘောင်းဘီရှည်များဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းနှင့် နေရောင်ခြည်အကာအကွယ်ပေးနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းခြင်းတို့ပြုလုပ်ပြီး အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်နှင့် နေ့လယ်ပိုင်းတို့တွင် နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ ဆိုရလျှင် ခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ကျရောက် ထိတွေ့ခံရသူများသည် အသားအရေများ တဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည်ဖြစ်သည်။ လွန်ကဲစွာကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်အထိ ခံစားရမည်ဖြစ်သည်။

## အကျိုးပြုအိုဇုန်းလွှာ

နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည် (Ultraviolet–UV)အား ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV–a၊ UV–b နှင့် UV–c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည် UV–c အပေါ် ထိရောက်စွာတုံ့ပြန်နိုင်ပြီး ကမ္ဘာ့မြေပြင်အထက်မိုင် ၂၀ ခန့်အကွာတွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ခရမ်းလွန်ရောင်ခြည် UV–a ကို အနည်းငယ်သာ ကာကွယ်ပေးနိုင်သော်လည်း ၎င်းရောင်ခြည်သည် နေလောင်ခြင်း သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားစေခြင်း မရှိသဖြင့် လွန်စွာပူပန်စရာမလိုပေ။

ခရမ်းလွန်ရောင်ခြည် UV–b သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံး သက်ရောက်မှုရှိစေသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ၎င်း UV–b တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများအထိ ပြင်းထန်စွာခံစားရသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် UV–b အများစုကို ကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာပျက်စီးမှု ဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပေါ်သို့ UV–b ကျရောက်မှုအဆင့်လည်း မြင့်မားလာနိုင်ပါသည်။

## သင်္ကြန်ကာလနှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် နေလောင်ခြင်း၊

*စာမျက်နှာ ၁၁ သို့*

**မြန်မာနိုင်ငံတွင် နွေရာသီအပူချိန်သည် မတ်လကတည်းက တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်။ အချို့သောဒေသများတွင် အပူချိန် ၄၃ ဒီဂရီ စင်တီဂရိတ်အထိ ရှိနေပြီဖြစ်သည်။ အပူချိန်မြင့်မားသော နေ့ခင်းဘက်နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် ပါဝင်မှုနှုန်း မြင့်မားလာလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ခရမ်းလွန်ရောင်ခြည် အန္တရာယ် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားရှိသည်။ မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် နွေရာသီ၌ ခရမ်းလွန်ရောင်ခြည် ပိုမိုကျရောက်လေ့ရှိသည်။ ထိုဒေသများရှိ ပြည်သူများသည် သင်္ကြန်ကာလတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုလည်း အထူးဂရုပြု ကာကွယ်သင့်ပါသည်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများပေးပို့ပြီး ပြန်လာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများကသေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးပြီး အမျိုးသားတစ်ဦး သေဆုံးကာ ဒုမြို့နယ်ပညာရေးမှူးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများပေးပို့ပြီး ပြန်လာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးပြီး အမျိုးသားတစ်ဦး သေဆုံးကာ ဒုမြို့နယ်ပညာရေးမှူးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် နံနက်ပိုင်းတွင် ရွာငံမြို့နယ်ပညာရေးမှူးရုံးမှ ဒုမြို့နယ်ပညာရေးမှူး ဦးဝင်းလွင်မိုး ဦးစီးသည့် ပညာရေးဝန်ထမ်းများသည် ရွာငံမြို့နယ် စာစစ်ဌာနမှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများအား တောင်ကြီးမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးသို့ မော်တော်ယာဉ်တစ်စီးဖြင့် သွားရောက်အပ်နှံပြီး မွန်းလွဲ ၃ နာရီခွဲတွင် တောင်ကြီးမြို့မှ ရွာငံမြို့သို့ အောင်ပန်း – ရွာငံ ကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ ရွာငံမြို့နယ် ပဲရင်းတောင်ကျေးရွာအနီးအရောက်၌ လမ်း၏ဝဲယာတို့မှ အသင့်စောင့်ဆိုင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမား ၂၅ ဦးခန့်မှ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်ပေါ်ပါ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့သဖြင့် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားသည်။

ထိုသို့အကြမ်းဖက်သမားများ၏ ချောင်းမြောင်းပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးကာ အောင်ပန်း–ရွာငံလမ်းအတိုင်းမောင်းနှင်လာသည့် MDY 2G/5848 မန္တလေး–တောင်ကြီး ခရီးသည်တင်ယာဉ်ပေါ် လိုက်ပါစီးနင်းလာသည့် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဦးခင်မောင်အေး ၆၀ နှစ် (ဘ) ဦးဘမောင်တွင် နဖူးကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်ဖြင့် သေဆုံးခဲ့ပြီး အဖြေလွှာပို့ပြီး ပြန်လာသည့် မော်တော်ယာဉ်ပေါ်ပါ ဒုမြို့နယ်ပညာရေးမှူး ဦးဝင်းလွင်မိုးတွင် ဦးခေါင်းဝဲဘက်ကျည်ရှပ်ထိဒဏ်ရာတစ်ချက်ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ကျဆုံး၊ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို အောင်ပန်းတပ်မတော်ဆေးရုံနှင့် တောင်ကြီးမြို့စဝ်စံထွန်းဆေးရုံတို့သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီမြို့၊ ပြင်ဦးလွင်နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက်မွန်းလွဲ ၁ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် မသက်မာစိုး(ခ)စိုးစိုး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဇော်ဇော်ထွန်း မောင်းနှင်ပြီး ဇော်လတ်လိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးတို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် သုခလမ်းတွင် ကောင်းဆက်လွင်(ခ) မောင်ကောင်းကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃ နာရီတွင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက် အနော်ရထာလမ်းရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်



မခင်မို့မို့ဝင်း၊ အောင်ဇော်စိုးဝင်း(ခ)ကိုငယ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀ ကို လည်းကောင်း။

မေ ၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပွဲကောက်ကျေးရွာအုပ်စု ပွဲကောက်ကျေးရွာအနီးတွင် အောင်ဇော်စိုးဝင်း(ခ)ကိုငယ် မောင်းနှင်ပြီး မခင်မို့မို့ဝင်း လိုက်ပါလာသည့် AD VAN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၈၀၀ နှင့် မြန်မာငွေကျပ် ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၂)ရှိ အောင်ဇော်စိုးဝင်း(ခ)ကိုငယ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ ကို လည်းကောင်း။

**ဥပဒေအရ အရေးယူ**

မေ ၈ ရက် ည ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု လွယ်တော်ခမ်းကျေးရွာအနီး တာချီလိတ်–မိုင်းဆတ်သွား ကားလမ်းတွင် အားဖျော့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeinfo@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

✻ *ကျောဖုံးမှ*

စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါပန့်စက်ရုံဝင်းအတွင်းထားရှိပြီး ရေမောင်းနှင်လျက်ရှိသည့် အမေရိကန်နိုင်ငံထုတ် အင်ဂျင်ပန့်စက်နှစ်လုံး၏ ကွန်ပျူတာဘောက်နှင့် အော်တိုနေတာ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင်စက်ယန္တရားများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်သည်။ ထိတွေ့မှုကာလကြာမြင့်လာသည့်အခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများစွာကိုဖြစ်ပေါ်စေနိုင်သည်။

သကြၤန်ပွဲတော်ကာလတွင် လူငယ်အများစုသည် နေ့ခင်းဘက်၌ ရေထွက်ကစားကြတော့မည်ဖြစ်သည်။ ထို့ကြောင့် ရေပက်ခံထွက်မည်ဆိုလျှင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပေသည်–

(၁) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ ခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း။

(၂) အပြင်ထွက်ရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါလုံခြုံသော ထီး၊ ဦးထုပ်များ ဆောင်းသွားခြင်း။

(၃) နေရောင်ထိတွေ့နိုင်သည့် အသားအရေများကို SPF 15+ ကြိုတင်လိမ်းသွားခြင်း။


(၄) နေကာမျက်မှန်တပ်ခြင်း။

(၅) ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ခြင်း။

(၆) သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို အထူးဂရုပြုကာကွယ်ပေးခြင်း။

ရေကစားထွက်ကြမည်ဆိုလျှင် နံနက် ၁၀ နာရီမတိုင်မီနှင့် ညနေ ၄ နာရီနောက်ပိုင်း အချိန်များတွင် ရေကစားခြင်းသည်သာလျှင် တစ်ကိုယ်ရေကျန်းမာရေးအတွက် အသင့်လျော်ဆုံးဖြစ်သည်။ အညွန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များကြာမြင့်စွာ ကျရောက်ထိတွေ့ခံရပါက အသားအရေများနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း၊ အမြင်အာရုံချို့ယွင်းခြင်းတို့ ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် သကြၤန်ကာလတွင် ရေပက်ခံထွက်ရေကစားမည်ဆိုလျှင် ခရမ်းလွန်ရောင်ခြည်ကျရောက်ထိတွေ့မှုမှ ကာကွယ်နိုင်ရေးအတွက် အပူဒဏ်ခံ အဝတ်အစားများ၊ အရိပ်အကာများ၊ နေကာမျက်မှန်များနှင့် နေလောင်ဒဏ်ခံခရင်မ်များကို ကြိုတင်ကာကွယ် အသုံးပြုသွားနိုင်ရန် တိုက်တွန်းအကြံပြုလိုက်ရပါသည်။ ။



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း အရင်အပတ်က ဖော်ပြခဲ့တဲ့ Comparative နဲ့ Superlative Adjectives တွေရဲ့ ဖွဲ့စည်းပုံတွေကို လွယ်ကူရှင်းရှင်းစွာ ဆက်လက်ဖော်ပြပေးလိုက်တဲ့အပြင် ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk on the phone–2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက်စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း မြန်မာနှစ်သစ်မှာ အတာရေနဲ့အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Comparative နဲ့ Superlative Adjectives များ၏ မတူညီသည့် ဖွဲ့စည်းပုံများကို ဆက်လက်ဖော်ပြပေးလိုက်သည်။**

| Positive | Comparative | Superlative |
|---|---|---|
| (D1) | (D2) | (D3) |
| (အခြေခံအဆင့်/ သာမန်အဆင့်) | (သာလွန်အဆင့်) | (အသာလွန်ဆုံးအဆင့်) |
| as wise as | wiser than | the wisest of |
| as young as | younger than | the youngest of |
| beautiful | more beautiful | most beautiful |
| careful | more careful | most careful |
| cheerful | more cheerful | most cheerful |
| comfortable | more comfortable | most comfortable |
| dangerous | more dangerous | most dangerous |
| difficult | more difficult | most difficult |
| enjoyable | more enjoyable | most enjoyable |
| expensive | more expensive | most expensive |
| foolish | more foolish | most foolish |
| forgetful | more forgetful | most forgetful |
| frightening | more frightening | most frightening |
| generous | more generous | most generous |
| helpful | more helpful | most helpful |
| important | more important | most important |
| intelligent | more intelligent | most intelligent |
| interesting | more interesting | most interesting |
| powerful | more powerful | most powerful |
| prosperous | more prosperous | most prosperous |
| sensible | more sensible | most sensible |
| terrible | more terrible | most terrible |
| unusual | more unusual | most unusual |
| useful | more useful | most useful |
| valuable | more valuable | most valuable |
| wonderful | more wonderful | most wonderful |
| as good as | better than | the best |
| as bad as | worse than | the worst |
| as little as | less than | the least |
| as much as | more than | the most |
| as many as | more than | the most |
| as far as | farther than | the farthest |
| as far as | further than | the furthest |




**Exercise (1) Give the correct form of the adjective in the brackets.**

e.g. 1. I am as (tall) as Ko Ko.
I am as tall as Ko Ko.
2. Tom is (tall) than I am.
Tom is taller than I am.
3. Tom is the (tall) of all.
Tom is the tallest of all.

1. A horse is as (strong) as an ox.
2. An elephant is (strong) than a horse.
3. Oil is (light) than water.
4. A metre is (long) than a yard.
5. This is the (easy) way to do the sum.

**Exercise (2) Put the adjective in brackets into the correct form.**

e.g. 1. James is eight years old, Tom is nine and John is ten.
James is the (young) and John is the (old).
James is the youngest and John is the oldest.
2. Which is (long), a yard or a metre?
A metre is slightly (long) than a yard.
Which is longer, a yard or a metre?
A meter is slightly longer than a yard.

6. Tokyo is one of the (large) cities in the world.
7. The moon is (bright) tonight than it was last night.
8. Which is (heavy), lead or iron?
9. Who is (handsome), John or his brother?
10. Is it (cheap) to travel by bus or by taxi?

## VOCABULARY (Antonyms)

1. early (စောသော) ≠ late (နောက်ကျသော)
2. earth (မြေပြင်) ≠ sea (ပင်လယ်)
3. east (အရှေ့) ≠ west (အနောက်)
4. ebb (ဒီရေကျသည်) ≠ flow (ဒီရေတက်သည်)
5. emigrant (အခြားတစ်နိုင်ငံသို့ သွားရောက်အခြေချနေထိုင်သူ) ≠ immigrant (နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းလာရောက်နေထိုင်သူ)
6. empty (ဘာမှမရှိသော၊ ဗလာဖြစ်သော) ≠ full (ပြည့်နေသော)
7. enjoy (သာယာကြည်နူးသဘောကျသည်) ≠ dislike (သဘောမကျဖြစ်သည်)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk on the phone–2

ဒီတစ်ပတ်မှာတော့ ဖုန်းပြောဆိုတဲ့အခါ တွေ့ကြုံရလေ့ရှိတဲ့ ပြဿနာတွေကို ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို **"Shortest way to talk on the phone–2"** ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Speaking**

***Sorry, say that again.***
***What was that?***
***Can you speak up a bit?***
***The signal's not so good.***
***Can I call you back later?***

၁။ တစ်ယောက်နဲ့တစ်ယောက် ဖုန်းပြောနေရင်းနဲ့ သူပြောတာမကြားရရင် ကိုယ်က ဘယ်လိုပြန်ပြောရမလဲဆိုပြီး စဉ်းစားနေမိတယ်ဆိုရင်တော့ ဒီလိုလေးသာ ပြောလိုက်ပါ။




- Sorry, say that again.

၂။ နောက်တစ်ခါ သူပြောတဲ့အကြောင်းအရာက ဖုန်းလိုင်းမမိလို့ဖြစ်စေ၊ မသဲကွဲလို့ဖြစ်စေ ဘာပြောလိုက်သလဲလို့ ပြန်မေးရင်တော့ ဒီလိုလေးသာ မေးလိုက်ပါ။

- What was that?

၃။ တစ်ယောက်နဲ့တစ်ယောက် ဖုန်းပြောနေရင်းနဲ့ သူ့ရဲ့အသံတိုးသွားရင် ကိုယ်က ဒီလိုလေးပြောပြီး သူ့အသံကို နည်းနည်းထပ်ကျယ်ဖို့ ပြောနိုင်ပါတယ်။

- Can you speak up a bit?

၄။ နောက်တစ်ခါ ဖုန်းလိုင်းမကောင်းရင်၊ ကိုယ်က ဖုန်းလိုင်းမမိတဲ့ နေရာရောက်နေရင်တော့ ကျွန်တော့် ဖုန်းလိုင်းသိပ်မကောင်းဘူးလို့ ပြောနိုင်ပါတယ်။ အဲဒါကို အင်္ဂလိပ်လိုကတော့

- The signal's not so good. ဆိုပြီး ပြောနိုင်ပါတယ်။

၅။ တစ်ခုခုအဆင်မပြေလို့ နောက်မှ ဖုန်းပြန်ခေါ်လိုက်မယ်ဆိုရင်တော့

- Can I call you back later? ဆိုပြီး ပြောနိုင်ပါတယ်။

**Common problems when you are talking on the phone**

**Ariel:** (Phone Ringing! Picking up and saying) Hello?
**Tom:** Ariel, hi it's Tom.
**Ariel:** Hi Tom.
**Tom:** ?>?!?>!@#!>??? ?>?!?>!@#!>???
**Ariel:** Sorry, say that again.
**Tom:** I said, we're thinking of going to the cinema. (With very low tone)
**Ariel:** The sound's very quiet. Can you speak up a bit? Hello?
**Tom:** ?>?!?>!@#!>??? ?>?!?>!@#!>???
**Ariel:** Hello? Sorry, I really can't hear.
**Tom:** How about now?
**Ariel:** Ah, yes, that's better!
**Tom:** Sorry, I'm in the subway, and the signal's not so good.
**Ariel:** So, what were you saying?
**Tom:** I wanted to say … Hold on, my battery's about to die. Can I call you back later…
**Ariel:** Sure, I'll be free till ….

**Language Focus**

သူပြောတာကို သိပ်မကြားရရင် Sorry, say that again. လို့ပြောနိုင်ပါတယ်။ ဒါမှမဟုတ် What was that? ဆိုပြီးလည်း ပြောနိုင်ပါတယ်။ သို့မဟုတ် ဒီလို What did you say? ဆိုပြီး တိုက်ရိုက်မေးလိုက်လို့လည်း ရပါတယ်။

ယဉ်ယဉ်ကျေးကျေးနဲ့ သူပြောတာကို သိပ်မကြားရတဲ့အကြောင်း ပြောချင်ရင်တော့

- I'm sorry; could you repeat that? (Formal) သို့မဟုတ်
- Could you say that again, please? (Formal) သို့မဟုတ်
- The sound is low. Would you mind speaking a little more loudly? (Formal) ဆိုပြီး ပြောနိုင်ပါတယ်။

နောက်တစ်ခါ အဆက်အသွယ် သို့မဟုတ် ဖုန်းလိုင်းသိပ်မမိရင်

- I don't have much signal. ဆိုပြီး ပြောနိုင်ပါတယ်။ ဒါမှမဟုတ်လည်း
    - There's not much reception here. ဆိုပြီး ပြောနိုင်ပါတယ်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# လာအိုနိုင်ငံ နှစ်သစ်ကူးပွဲတော်တွင် ခရီးသွားလာရေးအဆင်ပြေစေရန် တတိယမြောက် လန်ချန်း EMU ရထား မြို့တော် ဗီယင်ကျန်းသို့ ဆိုက်ရောက်လာ

**ဗီယင်ကျန်း ဧပြီ ၁၀**
ဧပြီလလယ်တွင် ကျင်းပမည့် လာအိုနှစ်သစ်ကူးပွဲတော်တွင် ခရီးသွားလာရေး အဆင်ပြေစေရန် တတိယမြောက် လန်ချန်း EMU ရထားသည် တရုတ်-လာအို ရထားလမ်းအတွက် လာအိုနိုင်ငံ မြို့တော် ဗီယင်ကျန်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဧပြီ ၉ ရက်ညပိုင်းက မြို့တော် ဗီယင်ကျန်းသို့ ဆိုက်ရောက်လာသော တတိယမြောက် လန်ချန်း မြန်နှုန်းမြင့်မီးရထားကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှင်းဂေါင်းတွင် ထုတ်လုပ်ခဲ့ကြောင်း၊ အဆိုပါ ရထားသည် လာအိုလမ်းပိုင်း၌ ပြေးဆွဲမည့် ဖက်စပ်ရထားတစ်စင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ရထားသစ်သည် ဗီယင်ကျန်းနှင့် နိုင်ငံမြောက်ပိုင်း မြို့တော်မူအန်ဇေအကြား ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံသည် နှစ်သစ်ကူးပွဲတော်ကို ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်သည် လာအိုနိုင်ငံအတွက် ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်သည်။

ခရီးသွားများ သွားလာရေး အဆင်ပြေစေရန် EMU ရထားသစ်တွင် အဆင့်မြင့် အပိုတစ်တွဲနှင့် ပထမတန်း တစ်တွဲအပိုပါရှိသည်။ ယခင် EMU ရထားနှစ်စင်းနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခု ရထားသစ်၌ ခရီးသည်တင်သည့်အတွဲမှာ ကွဲပြားကြောင်း၊ အတွင်းပိုင်းအလှဆင်မှုကိုလည်း အဆင့်မြှင့်ထားကြောင်း တရုတ် - လာအို ရထားလမ်း ကုမ္ပဏီက ပြောသည်။

ဧပြီ ၇ ရက်မှစတင်ပြီး လာအိုလမ်းပိုင်းအနေဖြင့် EMU ရထားခရီးစဉ် စုစုပေါင်း ၄၅၆ ခု ပြေးဆွဲခဲ့ပြီး ခရီးသည် ၂၃၆၈၀၀ ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ဧပြီ ၉ ရက်က တတိယမြောက် လန်ချန်းရထား ဗီယင်ကျန်းဘူတာသို့ ဆိုက်ရောက်လာစဉ်။

# ပြင်သစ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲပေးခြင်းစတင်

**ပါရီ ဧပြီ ၁၀**
ပြင်သစ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲပေးခြင်းကို ဧပြီ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် စတင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ လက်ရှိသမ္မတ အီမန်နျူရယ် မက်ခရွန်အပါအဝင် သမ္မတကိုယ်စားလှယ်လောင်း ၁၂ ဦးထဲမှ နောက်ထပ် သမ္မတတာဝန်ငါးနှစ်ထမ်းဆောင်မည့် သမ္မတသစ်ကို မဲပေးသူ ၄၈ ဒသမ ၈ သန်းက ရွေးချယ်မဲပေးမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ မဲရုံတော်တော်များများကို ဒေသစံတော်ချိန် ည ၇ နာရီတွင် ပိတ်မည်ဖြစ်ပြီး ပြင်သစ်နိုင်ငံ၏ မြို့ကြီးများဖြစ်ကြသည့် ပါရီ၊ လိုင်ယွန်၊ မာဆေးနှင့် ဘော်ဒိုးမြို့များတွင်မူ မဲရုံကို နောက်ထပ် တစ်နာရီအကြာတွင် ပိတ်သိမ်းမည်ဖြစ်သည်။

နိုင်ငံရပ်ခြားမှ မဲပေးသူများသည် ဧပြီ ၁၀ ရက်ကတည်းက ၎င်းတို့၏ မဲများကို ပေးပြီးဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ နောက်ထပ် ကိုဗစ်-၁၉ လှိုင်းမြင့်တက်နေချိန်တွင် မဲရုံများအတွင်း မဲပေးမည့်သူများကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မဲပေးကြရန် ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာထားသည်။

ပြင်သစ်နိုင်ငံ၌ မဲရုံများအတွင်း ဝင်ရောက်မဲပေးမည့်သူများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသည့်လက်မှတ် သို့မဟုတ် ကိုဗစ်-၁၉ ရောဂါမတွေ့ရှိကြောင်း စစ်ဆေးထားသည့်ရလဒ်အဖြေ မလိုအပ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လူမှုဝေးကွာ အစီအစဉ်များလုပ်ဆောင်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ကြောင်း၊ သို့သော်လည်း သက်ကြီးရွယ်အိုများ၊ အင်အားချည့်နဲ့သူများနှင့် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် အကြံပြုထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ပထမအကြိမ်မဲပေးခြင်းတွင် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်း မထွက်ပေါ်ခဲ့ပါက ကိုယ်စားလှယ်လောင်းနှစ်ဦးကို ဧပြီ ၂၄ ရက်တွင် ထပ်မံမဲပေးရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ပြင်သစ်သမ္မတရွေးကောက်ပွဲအတွက် မဲပေးနေသူတစ်ဦးကို တွေ့ရစဉ်။

# အစိုးရသစ်အတွက် ဝန်ကြီးရှစ်ဦးကို တောင်ကိုရီးယား ရွေးကောက်ခံသမ္မတ ယွန်ဆုခ်ယော အဆိုပြုတင်သွင်း

**ဆိုးလ် ဧပြီ ၁၀**
တောင်ကိုရီးယားရွေးကောက်ခံသမ္မတ ယွန်ဆုခ်ယောသည် ၎င်း၏ အစိုးရသစ်အတွက် ဝန်ကြီးရှစ်ဦးကို အဆိုပြုတင်သွင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။ အစိုးရသစ်ကို မေ ၁၀ ရက်တွင် ဖွဲ့စည်းမည်ဖြစ်သည်။

ကွန်ဆာဗေးတစ်ပြည်သူ့အင်အားပါတီမှ ချူကျောင်းဟိုကို စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တင်သွင်းခဲ့သည်။ ပူးတွဲကာကွယ်ရေး ဦးစီးချုပ် ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်သူ လီဂျောင်ဆွပ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် တင်သွင်းခဲ့သည်။

ရွေးကောက်ခံသမ္မတသည် ဂျေဂျူးကျွန်းအုပ်ချုပ်ရေးမှူး ဝမ်ဟီယောင်းကို သယ်ယူပို့ဆောင်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ကိုရီးယား အဆင့်မြင့် သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ပါမောက္ခ လီချန်ရန်းကို ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ်လည်းကောင်း တင်သွင်းခဲ့သည်။

ထို့အပြင် ရွေးကောက်ခံသမ္မတသည် ဆိုးလ်အမျိုးသားတက္ကသိုလ်၏ တစ်ပိုင်းလျှပ်ကူးသုတေသနဌာနမှ အကြီးအကဲဖြစ်သူ လီဂျောင်ဟိုကို သိပ္ပံဝန်ကြီး၊ ချောင်ပေါ့ခ်အမျိုးသားတက္ကသိုလ်ဆေးရုံမှ ချန်ဟိုယောင်းကို ကျန်းမာရေးဝန်ကြီး၊ ဂျောင်အန်းအီဘိုသတင်းစာမှ ဒုတိယဥက္ကဋ္ဌဟောင်း ပတ်ဘိုဂျွန်းကို ယဉ်ကျေးမှုဝန်ကြီး၊ လွှတ်တော်အမတ်ဟောင်း ကင်ဟွန်းဆွပ်ခ်ကို ကျား/ မ တန်းတူရေးဝန်ကြီးအဖြစ်လည်းကောင်း အဆိုပါပြုခဲ့ပြီး အခြားသော ဝန်ကြီးလေးဦးကိုလည်း အဆိုပြုတင်သွင်းခဲ့သည်။

ယခုလ သီတင်းပတ်အစောပိုင်းတွင် ယွန်ဆုခ်ယောသည် ဝန်ကြီးချုပ်ဟောင်း ဟန်ဒုခ်ဆိုးကို ၎င်း၏ အစိုးရသစ်တွင် ဝန်ကြီးချုပ်အဖြစ် တင်သွင်းထားသည်။ ဝန်ကြီးချုပ်သည် လွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်သော အစိုးရအဖွဲ့ရာထူးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၈၃၀၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဧပြီ ၁၀**
ဗီယက်နမ်နိုင်ငံ၌ဧပြီ၁၀ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူသစ် ၂၈၃၀၇ ဦး ရှိလာသဖြင့် လွန်ခဲ့သောနှစ်လအတွင်း ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ အနည်းဆုံးပမာဏဖြစ်ပြီး ဧပြီ ၉ ရက်ကထက် ၅၈၃၃ ဦး လျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နေရာ ၆၂ ခုတွင် ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူများသည် ပြည်တွင်းကူးစက်ဖြစ်ပွားသူများ ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ဒေသတွင်းကူးစက်မှု အမြင့်ဆုံးဖြစ်ပြီး ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၁၈၁ ဦးအပါအဝင် မြောက်ပိုင်း ဘတ်ဂင်ပြည်နယ်တွင် ၁၅၃၃ ဦး၊ နီအန်း ပြည်နယ်အလယ်ပိုင်းတွင် ၁၅၂၅ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၁၀၁၉၈၂၃၆ ဦးရှိပြီး သေဆုံးသူစုစုပေါင်းမှာ ၄၂၈၁၃ ဦးရှိပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ အရေအတွက် စုစုပေါင်းမှာ ၈၅၃၂၅၂ ဦး ရှိပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၉၁ ဒသမ ၃ သန်းအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၀၈ ဒသမ ၅ သန်းကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ခံရခြင်းအတိုင်းအတာ မြင့်တက်လာမှုနှင့်အတူ ကိုဗစ်-၁၉ လှိုင်း လေးကြိမ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့် ၂၀၂၀ ခုနှစ် ဧပြီလအတွင်းမှ လက်ရှိ ဧပြီ ၁၀ ရက်အထိ ဒေသတွင်း ကူးစက်ခံရသူ ၁၀ ဒသမ ၂ သန်း နီးပါးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။

**ဆင်ဟွာ**


ဗီယက်နမ်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# ကင်ညာနိုင်ငံအလယ်ပိုင်း၌ မိသားစုဝင် ခြောက်ဦး မီးလောင်မှုဖြင့် သေဆုံး

**နိုင်ရိုဘီ ဧပြီ ၁၀**
ကင်ညာနိုင်ငံအလယ်ပိုင်း၌ ဧပြီ ၉ ရက် ညပိုင်းက သံသယဖြစ်ဖွယ်ရှိ မီးကြောင့် မိသားစုဝင်ခြောက်ဦး သေဆုံးကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့ဝင် တစ်ဦးက ဧပြီ ၁၀ ရက်တွင် အတည်ပြုပြောကြားသည်။

ကင်ညာနိုင်ငံ၌ အမျိုးသမီးတစ်ဦးသည် ၎င်း၏ ကလေးသုံးဦး၊ မြေးနှစ်ဦးတို့နှင့်အတူ အိမ်တံခါး အပြင်ဘက်မှ တံခါးချက်ချထားသည့် ၎င်း၏နေအိမ်မီးလောင်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အလယ်ပိုင်းဒေသရဲချုပ် မာနာဆီမူဆယ်ကိုကာက ပြောကြားသည်။

အဆိုပါ အခင်းဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း၊ ယခုအထိ တိုက်ခိုက်မှု၏ အကြောင်းရင်းကို မသိရှိရသေးကြောင်း ၎င်းက ဖုန်းဖြင့် ဆက်လက်ပြောကြားသည်။

သေဆုံးသူများကို တံခါးဝတွင် တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့မှာ မသေဆုံးမီ လွတ်မြောက်ရန် ကြိုးစားခဲ့သည်ကို တွေ့ရကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသည်။

မိသားစုအတွင်း ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှု ဖြစ်ပွားခဲ့သည့် သေဆုံးသူအမျိုးသမီး၏ ညီအစ်မတော်စပ်သူတစ်ဦးကို သံသယမှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

# နူဆန်တရာမြို့သစ်တည်ဆောက်ရာမှာကူညီဖို့ ရင်းနှီးမြှုပ်နှံသူတွေကို လမ်းဖွင့်ပေးလိုက်တဲ့ အင်ဒိုနီးရှား

လင်းဟန်သစ်

အင်ဒိုနီးရှားအစိုးရဟာ သူ့ရဲ့ နူဆန်တရာမြို့တော်သစ်အတွက် ကြီးမားတဲ့ စီမံကိန်းတွေမှာ ဘဏ္ဍာငွေမတည်ဖို့အတွက် ရင်းနှီးမြှုပ်နှံသူတွေကို ရှာဖွေလျက်ရှိပါတယ်။ နူဆန်တရာမြို့တော်ဟာ ဘရူနိုင်းနဲ့ မလေးရှားနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဒုတိယအကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်တဲ့ ကလီမန်တန်ကျွန်းပေါ်မှာတည်ရှိပြီး ကုန်းမြေ ၂၅၆၀၄၂ ဟက်တာပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပထမအဆင့်**

ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပထမအဆင့်ကို ၂၀၂၄ ခုနှစ်အထိ လုပ်ဆောင်သွားရမှာဖြစ်တယ်လို့ ပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး လူဟက်ဘင်ဆာပန်ဂျိုက်တန်က ပြောပါတယ်။

မြို့သစ်စီမံကိန်းကို ၂၀၄၅ ခုနှစ်မှာ ကျရောက်မယ့် နှစ် ၁၀၀ ပြည့် နိုင်ငံ့လွတ်လပ်ရေးနေ့မှာ အပြီးသတ်ဖို့ စီစဉ်ထားပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။



နူဆန်တရာမြို့သစ်မှာ တည်ဆောက်မယ့် အနာဂတ် သမ္မတနန်းတော်ကို ကွန်ပျူတာဖြင့် ပုံရိပ်ဖော်ထားသည်ကို တွေ့ရစဉ်။

အင်ဒိုနီးရှားနိုင်ငံဟာ ဒီလိုကြီးမားတဲ့ မြို့သစ်တည်နိုင်ဖို့ နိုင်ငံတော်ရန်ပုံငွေအသုံးပြုခြင်း၊ ပင်လယ်ရပ်ခြားမိတ်ဖက်အဖွဲ့တွေကို ရင်းနှီးမြှုပ်နှံဖို့ ကမ်းလှမ်းခြင်း၊ အစုလိုက်ရန်ပုံငွေရရှိဖို့ ပြည်သူတွေကို စည်းရုံးခြင်းအပါအဝင် လိုအပ်တဲ့ ဘဏ္ဍာငွေအတွက် အမျိုးမျိုးသော အရင်းအမြစ်တွေကို ရှာဖွေလျက်ရှိပါတယ်။

**စီးပွားရေးစင်တာများတည်ဆောက်ဖို့ ကမ်းလှမ်းထား**

ပြည်ပနိုင်ငံအသီးသီးမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို စီးပွားရေးစင်တာများ တည်ဆောက်ဖို့ ကမ်းလှမ်းထားပါတယ်။ အစိုးရရုံးတွေကိုတော့ နိုင်ငံတော်ရန်ပုံငွေအသုံးပြုပြီး တည်ဆောက်သွားမယ်လို့ ပန်ဂျိုက်တန်က ပြောပါတယ်။

အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းဌာနရဲ့ ခန့်မှန်းတွက်ချက်မှုအရ ဒီမြို့သစ်တည်မယ့်စီမံကိန်းဟာ အနည်းဆုံး ၅၀၁ ဒသမ ၅၆ ထရီလီယံ ရူပိုင်ယာ (အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ) ကုန်ကျမယ်လို့ ဖော်ပြထားပါတယ်။

**ရင်းနှီးမြှုပ်နှံချင်သူများကို လမ်းဖွင့်ပေးထား**

လာရောက် ရင်းနှီးမြှုပ်နှံချင်တဲ့ ဘယ်သူ့ကိုမဆို မိမိတို့ လမ်းဖွင့်ပေးထားကြောင်း ပန်ဂျိုက်တန်က ပြောကြားခဲ့ပါတယ်။

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရဲ့ ရင်းနှီးမြှုပ်နှံသူတွေကတော့ Sovereign wealth fund (SWF) မှတစ်ဆင့် သူတို့ရဲ့ အရင်းအနှီးတွေကို လာရောက်မြှုပ်နှံဖို့ အဆင့်သင့်ဖြစ်နေပြီလို့ ဝန်ကြီးက ပြောပါတယ်။

အဘူဒါဘီက အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံရင်းနှီးမြှုပ်နှံမယ်လို့ သူက ပြောပါတယ်။ မိမိတို့တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်လောက်များများ မြှုပ်နှံကြမလဲဆိုတာ စောင့်ကြည့်သွားရမယ်လို့ သူက ဆက်ပြောပါတယ်။

**စိတ်အားထက်သန်နေ**

ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မင်န်က ပန်ဂျိုက်တန်ရီယာ့ဒ်ကို မတ်လအစောပိုင်း လာလည်ကတည်းက မြို့သစ်စီမံကိန်းမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားနေခဲ့တာပါလို့ ဖော်ပြလိုက်ပါတယ်။ အရှေ့အလယ်ပိုင်း ရင်းနှီးမြှုပ်နှံသူတွေဟာ ရေနံစိမ်းတင်သွင်းခြင်း၊ အင်ဒိုနီးရှားနိုင်ငံရဲ့ ဒီရေတောများနဲ့ သန္တာကျောက်တန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်အားထက်သန်နေကြပါတယ်။

စီမံကိန်းတစ်ခုချင်းစီရဲ့ ဖြစ်လာနိုင်တဲ့အလားအလာများနဲ့ နည်းပညာပိုင်းတွေကို ကြိုတင်သုံးသပ်နိုင်ဖို့ နောက်ဆက်တွဲဆွေးနွေးပွဲကို မကြာတော့တဲ့ အနာဂတ်ကာလမှာ လုပ်ဆောင်ဖို့ မျှော်လင့်ထားပါတယ်လို့ ပန်ဂျိုက်တန်က ပြောပါတယ်။

အရင်ကတည်းက ဆော့ဖ်ဘဏ်က အင်ဒိုနီးရှားနိုင်ငံရဲ့ မြို့သစ်စီမံကိန်းအတွက် ဘဏ္ဍာငွေထည့်ဝင်ဖို့ ရည်ရွယ်ထားပါတယ်။ သို့သော်လည်း ဂျပန် ရင်းနှီးမြှုပ်နှံသူတွေက ဒါကို ပယ်ဖျက်လိုက်ပါတယ်။

ဆော့ဖ်ဘဏ်ဟာ သူ့ရဲ့ ရှယ်ယာတန်ဖိုးတွေ ကျဆင်းကတည်းက ဒီအစီအစဉ်က နုတ်ထွက်ခဲ့ပါတယ်လို့ ပန်ဂျိုက်တန်က ပြောပါတယ်။

**မြို့သစ်ဒီဇိုင်းပုံစံကို ကူညီပေးသွားမယ်**

တခြား ကတိကဝတ်တစ်ခုလည်း အာရှဖွံ့ဖြိုးရေးဘဏ်မှ ပေးထားပါတယ်။ မနီလာအခြေစိုက်အဖွဲ့အစည်းတစ်ခုရဲ့ ထုတ်ပြန်ချက်မှာလည်း အင်ဒိုနီးရှားနိုင်ငံ မြို့သစ်ဒီဇိုင်းပုံစံကို ကူညီပေးသွားမယ်လို့ ပြောကြားထားပါတယ်။

အဆောက်အအုံ၊ အခမ်းအနားတွေကို ဖန်တီးပုံဖော်ပေးဖို့ လူအုပ်စုပျော်ပွဲရွှင်ပွဲတွေကို စိတ်အားထက်သန်တဲ့ အင်ဒိုနီးရှားနိုင်ငံသားတွေရဲ့ ဘဏ္ဍာငွေ ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဘဏ္ဍာငွေရရှိရေးအခွင့်အလမ်းတွေကတော့ နေရာတိုင်းက ဖြစ်ပေါ်လာနိုင်ပါတယ်လို့ နူဆန်တရာ အမျိုးသားမြို့တော်အာဏာပိုင်အကြီးအကဲ ဘမ်ဘန်းဆူဆန်တိုနိုက ပြောပါတယ်။

**မြို့သစ်တည်ဖို့ အကောင်အထည်ဖော်ရအုံးမယ်**

မြို့တော်သစ်မှာ လူစုလူဝေးပျော်ပွဲရွှင်ပွဲဂေဟာတွေကို တည်ဆောက်ဖို့ အင်ဒိုနီးရှား လူစုလူဝေးပျော်ပွဲရွှင်ပွဲတွေကို ဆောက်လုပ်ပေးနေတဲ့အဖွဲ့က ဘယ်လိုမျိုးကမ်းလှမ်းမှုတွေ လုပ်လာမလဲဆိုတာကိုလည်း ဆူဆန်တိုနိုက ပြောပါတယ်။

ဒီလိုမျိုး အဆောက်အအုံတွေကိုတော့ နိုင်ငံတော်က စရိတ်စက ကျခံသွားမှာမဟုတ်ပါဘူးလို့ ၎င်းက ဆက်ပြောလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြို့သစ်တည်ဆောက်နိုင်ဖို့ အတွက်ကတော့ ဆက်လက် အကောင်အထည်ဖော်ရဦးမှာ ဖြစ်ပါတယ်။

ကိုးကား
ဆင်ဟွာ

- ❖ **ပြည်ပနိုင်ငံအသီးသီးမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို စီးပွားရေးစင်တာများ တည်ဆောက်ဖို့ ကမ်းလှမ်းထားပါတယ်။ အစိုးရရုံးတွေကိုတော့ နိုင်ငံတော်ရန်ပုံငွေ အသုံးပြုပြီး တည်ဆောက်သွားမယ်လို့ ပန်ဂျိုက်တန်က ပြောပါတယ်။**
- ❖ **အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းဌာနရဲ့ ခန့်မှန်းတွက်ချက်မှုအရ ဒီမြို့သစ်တည်မယ့် စီမံကိန်းဟာ အနည်းဆုံး ၅၀၁ ဒသမ ၅၆ ထရီလီယံ ရူပိုင်ယာ (အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ) ကုန်ကျမယ်လို့ ဖော်ပြထားပါတယ်။**
- ❖ **ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မင်န်က ပန်ဂျိုက်တန်ရီယာ့ဒ်ကို မတ်လအစောပိုင်း လာလည်ကတည်းက မြို့သစ်စီမံကိန်းမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားနေခဲ့တာပါလို့ ဖော်ပြလိုက်ပါတယ်။ အရှေ့အလယ်ပိုင်း ရင်းနှီးမြှုပ်နှံသူတွေဟာ ရေနံစိမ်းတင်သွင်းခြင်း၊ အင်ဒိုနီးရှားနိုင်ငံရဲ့ ဒီရေတောများနဲ့ သန္တာကျောက်တန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်အားထက်သန်နေကြပါတယ်။**

# မေ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

**(၁၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ယနေ့အထိဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၈၂,၀၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၂,၃၄၁) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၀,၈၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၈,၁၂၈,၈၉၈) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၈၉၀,၀၅၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၂,၂၃၈,၈၄၅) ဦးနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၁၆၂,၃၂၃) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၉-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၁,၅၃၀,၀၆၆) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၈၀) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၁) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၂၄၇) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၃၀) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၅၁) ခု | (၁၆) ဦး |
| စုစုပေါင်း | (၇,၈၂၀) ခု | (၆၃) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၉-၅-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၈၉၀,၀၅၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၂,၂၃၈,၈၄၅) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၁၆၂,၃၂၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၈,၁၂၈,၈၉၈) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၁,၅၃၀,၀၆၆) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ချောင်းဦးမြို့ စည်ပင်သာယာဈေးကြီးတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေး

**ချောင်းဦး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့မစည်ပင်သာယာဈေးကြီးတွင် ယမန်နေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးကြောင်း သိရသည်။

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ကာကွယ်ဆေးထိုးအဖွဲ့များ စုပေါင်းပြီး မြို့မစည်ပင်သာယာဈေးကြီးအတွင်း ဈေးရောင်းချနေသူများနှင့် ဈေးဝယ်ရန် လာရောက်ကြသည့် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပြီးစီးခြင်း ရှိ မရှိ မေးမြန်းပြီး ကာကွယ်ဆေး ထိုးနှံပြီးခြင်းမရှိသည့် ပြည်သူ ၂၀၀ ကျော်အား ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ယမန်နေ့ နံနက်ပိုင်းက စည်ပင်သာယာ ဈေးအတွင်းနှင့် ပြည်သူ့ဆေးရုံကြီး နေ့စဉ် ကာကွယ်ဆေး ထိုးနှံပေးနေသည့် စုရပ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ပထမအကြိမ်အဖြစ် ပြည်သူ ၅၅၀ အား ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ထံမှ သိရသည်။

ယခုအခါ ချောင်းဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသူ ၂၁၄၆၇ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးစီးသူ ၁၅၇၁၂ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ထံမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် ကျေးရွာအရောက်ကွင်းဆင်းထိုးနှံပေး

**ဆီဆိုင် မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု ကာကွယ်တားဆီးနိုင်ရေးနှင့် ရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသည့် အသက် ၁၈ နှစ်နှင့် အထက် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေ ၁၀ ရက် နံနက် ၉ နာရီက ဘန့်ဗွီးကျေးရွာအုပ်စု နားစေးဆောက်ကျေးရွာသို့ ကွင်းဆင်းထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျေးရွာရှိ အသက် ၁၈ နှစ်နှင့် အထက် ဒေသခံပြည်သူများအား စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေး၍ ပုံမှန်အနေအထားရောက်ရှိမှသာ ကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေး ထိုးနှံပြီးသူများကိုလည်း မိနစ် ၃၀ ခန့် အနားယူစောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာစေခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

ဇယား(၉)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂၂၂,၆၀၁.၀၀၀ | | | | ၁၉၂.၂၉၃ | | ၅၅၅.၀၀၀ | | | ၂၂၃,၃၄၈.၂၉၃ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၁,၁၀၂,၆၇၂.၀၀၀ | | | | | | ၂၄,၇၉၅.၅၉၂ | | | ၁,၁၂၇,၄၆၇.၅၉၂ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၄၅၉,၀၀၀.၀၀၀ | | | | | | ၂၆,၂၁၉.၄၆၉ | | | ၄၈၅,၂၁၉.၄၆၉ |
| | ပေါင်း | | | | ၁,၇၈၄,၂၇၃.၀၀၀ | | | | ၁၉၂.၂၉၃ | | ၅၁,၅၇၀.၀၆၁ | | | ၁,၈၃၆,၀၃၅.၃၅၄ |

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉၇,၈၂၈.၅၂၈ | | | ၁၈,၉၈၃.၀၄၀ | | ၂၀,၁၃၈.၆၂၇ | | | ၂၃၆,၉၅၀.၁၉၅ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၁,၀၇၂,၈၁၃.၇၆၀ | | | ၄၉,၅၄၆.၆၁၃ | | ၄,၀၀၄.၆၄၄ | | | ၁,၁၂၆,၃၆၅.၀၁၇ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၄၄၆,၃၃၈.၆၂၁ | | | ၃၉,၃၇၀.၂၁၁ | | ၂,၄၀၃.၅၃၂ | | | ၄၈၈,၁၁၂.၃၆၄ |
| | ပေါင်း | | ၁,၇၁၆,၉၈၀.၉၀၉ | | | ၁၀၇,၈၉၉.၈၆၄ | | ၂၆,၅၄၆.၈၀၃ | | | ၁,၈၅၁,၄၂၇.၅၇၆ |

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၈.၂၁၇ | | ၁,၅၄၆.၂၂၉ | | | | | | | | | ၁,၅၅၄.၄၄၆ |
| | ပေါင်း | | ၈.၂၁၇ | | ၁,၅၄၆.၂၂၉ | | | | | | | | | ၁,၅၅၄.၄၄၆ |

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၃၇၇.၀၀၀ | | | | | | | | ၁,၃၇၇.၀၀၀ |
| | ပေါင်း | | ၁,၃၇၇.၀၀၀ | | | | | | | | ၁,၃၇၇.၀၀၀ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

## နေပြည်တော်ကောင်စီ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၀.၃၆၀ | | ၁၀.၀၀၀ | | | | | | | | | ၈၀.၃၆၀ |
| | ပေါင်း | | ၇၀.၃၆၀ | | ၁၀.၀၀၀ | | | | | | | | | ၈၀.၃၆၀ |

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

## နေပြည်တော်ကောင်စီ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၈၅.၃၀၄ | ၁,၀၀၀.၀၀၀ | | | ၅၇,၄၅၆.၄၉၁ | | | | | ၅၉,၁၄၁.၇၉၅ |
| | ပေါင်း | | ၆၈၅.၃၀၄ | ၁,၀၀၀.၀၀၀ | | | ၅၇,၄၅၆.၄၉၁ | | | | | ၅၉,၁၄၁.၇၉၅ |

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၈၁၅.၉၅၈ | | ၂၉,၃၇၆.၈၂၅ | | ၁၃,၀၀၀.၀၀၀ | ၇၁.၅၀၀ | | | | | | ၄၃,၂၆၄.၂၈၃ |
| | ပေါင်း | | ၈၁၅.၉၅၈ | | ၂၉,၃၇၆.၈၂၅ | | ၁၃,၀၀၀.၀၀၀ | ၇၁.၅၀၀ | | | | | | ၄၃,၂၆၄.၂၈၃ |

ဇယား(၁၆)
(ကျပ်သန်းပေါင်း)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၀,၂၅၅.၂၈၁ | | ၁၃,၀၀၀.၀၀၀ | ၈,၉၆၄.၇၄၇ | | | | | ၄၃,၂၂၀.၀၂၈ |
| | ပေါင်း | | ၂၀,၂၅၅.၂၈၁ | | ၁၃,၀၀၀.၀၀၀ | ၈,၉၆၄.၇၄၇ | | | | | ၄၃,၂၂၀.၀၂၈ |

ဇယား(၁၇)
(ကျပ်သန်းပေါင်း)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁,၀၆၇,၁၅၁.၃၂၂ | | | | | | | | | ၁,၀၆၇,၁၅၁.၃၂၂ |
| | ပေါင်း | | | | ၁,၀၆၇,၁၅၁.၃၂၂ | | | | | | | | | ၁,၀၆၇,၁၅၁.၃၂၂ |

ဇယား(၁၈)
(ကျပ်သန်းပေါင်း)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၁၈,၉၄၅.၃၁၅ | | | ၃,၃၂၇.၆၁၈ | | | | | ၇၂၂,၂၇၂.၉၃၃ |
| | ပေါင်း | | ၇၁၈,၉၄၅.၃၁၅ | | | ၃,၃၂၇.၆၁၈ | | | | | ၇၂၂,၂၇၂.၉၃၃ |

# အတာတန်ခူး နှစ်ကူး မေတ္တာမိုးရေတို့နှင့်အတူ

သိန်းထွန်း(IR)

**အလုပ်ချင်းပြိုင်လို့ ဘယ်သူနိုင်**

တစ်နှစ်ကူးပြောင်းလို့ တစ်နွေလည်း ရောက်ခဲ့ပြန်လေပြီ။ နွေဦးပိတောက်တို့သည် ဟိုဟို သည်သည်မှာ နှစ်သစ်ကို ကြိုနှင့်နေကြပါပေ့လား။ နှစ်သစ်ကူးတိုင်း သည်ပိတောက်တို့ကို မြင်နေရသော်လည်း ရိုးမသွားနိုင်၊ လှမြဲလှနေ၏။ တင့်တယ်မြဲ တင့်တယ်နေပါ၏။ ပူပြင်းလှသော နွေနေရှိန်အောက်တွင် ပိတောက်ဝါတို့မှာ နွေကိုအန်တုလို့ စိမ်းစိုစွာလှနေပါ၏။ သက်ရှိပန်းချီကား တစ်ချပ်သဖွယ် အသက်ဝင်လှသည်။ ဩော်... ကြည့်လေတိုင်း၊ မြင်လေတိုင်း ရိုးမသွားနိုင်သည်က သဘာဝလောကကြီး၏ လျှို့ဝှက်ချက်ပေများလား မသိ။

တစ်နှစ်တစ်ခါပွင့်သည့် ရွှေဝါပိတောက်များသည် တွေ့မြင်သူတိုင်း၏ရင်ကို လှုပ်ခတ်စေသည်ကတော့ အမှန်ပင်။ ယခင်ကတော့ တစ်နှစ်မှ တစ်လ၊ တစ်လမှာ တစ်ရက်တည်းပွင့်သော ပိတောက်ဟု ဂုဏ်ဝင့်ခဲ့သော်လည်း ယခုမူ ထိုသို့မဟုတ်တော့ပြီ။ ရာသီတွေလည်း ပြောင်းလဲနေပြီကိုး။ သင်္ကြန်မိုးလည်း မမှန်တော့၊ ပန်းပိတောက်တို့ ပွင့်ချိန်လည်း မမှန်နိုင်ကြတော့။ ပွင့်ချိန်မမှန်သော်လည်း နွေပိတောက်ပန်းများကတော့ ရင်ကို အေးမြစေဆဲပါ။ ဦးဦးဖျားဖျား ပိတောက်ပန်းများကို ဘုရားကပ်ကြသည်။ လုံမငယ်တို့ မြတ်မြတ်နိုးနိုး ပန်ဆင်ကြသည်။ နှစ်များ ပြောင်းသွားပေမယ့် သူ့ရာသီ၊ သူ့အလှ၊ သူ့ဓလေ့များကတော့ အစဉ်အလာမပျက် လှမြဲလှလျက်၊ ရှင်သန်မြဲ ရှင်သန်လျက်ရှိကြပါ၏။

အတာသင်္ကြန်ကာလ နွေရာသီမှာ ပူရှိန်ပြင်းလှသော်လည်း နွေရာသီကို ချစ်သည်။ နွေရာသီတွင် သဘာဝကြီး၏ထူးခြားသည့်လက်ရာ ပန်းချီစုတ်ချက်များက ခပ်သော့သော့၊ ခပ်ကြမ်းကြမ်း မဟုတ်။ ကြည့်လေမြင်လေ တစိမ့်စိမ့်ဖြင့် ခံစားနိုင်ပါ၏။ နွေဦးလေရူးတို့နှင့်အတူ ရာသီကြို ဥသြငှက်ငယ်တို့ကလည်း ဝတ္တရားမပျက်၊ လွမ်းတေးသီနေဆဲ။ ဥသြငှက်ငယ်၏ လွမ်းတေးသံတို့သည် နွေ၏အလှ၊ နွေ၏ဘဝကို ပို၍ကြွစေ၏။ ရွက်ကြွေတောမှာ တစ်ကောင်တည်း အဖော်ကမပါ။ နွေနေပူပူအောက် သူ့ဘဝ၊ သူ့အလှ မဝင့်ထည်ပေမင့် သူ့အသံကတော့ဖြင့် လူသားတို့၏ရင်ကို လှုပ်ခတ်စေပါ၏။ ကာလသုံးပါးကို ပေါင်းကူးပေးနေသလား အောက်မေ့မိသည်။ လွမ်းမောဖွယ် တေးသံတို့သည် ကြားရသူတိုင်း၏ ခံစားမှုအပေါင်းကို သိမ်းကျုံးယူငင်သွားပါပေ့လား။ ငိုချင်လျက် လက်တို့နေသူများအဖို့ ရှောင်ပြေးလို့ လွတ်နိုင်မည်မထင်။

ရာသီအစ နွေ၏နိဒါန်းမှာ ကြည့်လေရာနေရာတိုင်းတွင် ရွက်ခြောက်တွေ ကြွေ၊ ရွက်သစ်တွေဝေဖို့ ရိုးတံပြိုင်းပြိုင်းဖြင့် လောကဒဏ်ကို စိန်ခေါ်အန်တုနေသယောင်။ နွေဦးတွင် သစ်ပင်ပန်းမန်တို့ တစ်နှစ်တာအတွက် ရွက်ဟောင်းကြွေ၍ ရွက်သစ်များဖြင့် အားမာန်ယူကြသည်။ သစ်ရည်တက်ချိန်ဟုလည်း ဆိုကြ၏။ “လေခ မြေသက်၊ စျာန်ဝတက်သို့၊ သစ်ရွက်ရော်ရီ ဣန္ဒနီဝယ်၊ သိင်္ဂီ တဝက်၊ ဖက်၍ ဆေးစုံ၊ ချယ်သောပုံသို့” ဆိုသည့် ရှင်ဥတ္တမကျော် တောလားတွင် နွေသရုပ်ကို ဖော်ထုတ်ပြဆိုထားသည်။ စာဆိုရှင် စာရေးကြီး ဦးမောင်ကလေးကလည်း တပေါင်းလဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်ဖြင့် နွေအလှကို “မြသွေးအခံ ပင်ယံစိမ်းမှာ၊ ရွှေလိမ်းပြန်ကြ ဂုဏ်တပြိုင်၊ သွေယိမ်းဟန်ပြ ပုံအကိုင်ဝယ်၊ လေသိမ်းမခိုင်ကြွေစလု။ မရီတခါ ရီတခါငယ် ကလီကမာ ညိုမြင်းလွင် သို့စု” ဟု ခြယ်မှုန်းပြန်ပါ၏။

နွေ၏အလှတို့သည် ညွှန်းဆိုဖွဲ့သီ၍ မကုန်နိုင်ပါတကား။

သူနိုင်ကိုယ်နိုင် အလှချင်းပြိုင် အနိုင်ကြဲနေကြလေရှော့သလား။

**ဒြပ်မဲ့ယဉ်ကျေးမှုအစဉ်အလာများသည် သတိမထားမိပါက ခေတ်၏တိုက်စားခြင်း ခံရပြီး တန်ဖိုးများလျော့ကျခြင်း၊ အသွင်ပုံစံပြောင်းလဲခြင်း၊ အစဉ်အလာများ တိမ်ကောပျောက်ကွယ်ခြင်းတို့ ဖြစ်လာနိုင်ပါ၏**

**မြန်မာ့ရိုးရာအတာသင်္ကြန်ဆိုသည်မှာလည်း ရေပက်ကစားသည့် ပျော်ပွဲရွှင်ပွဲတစ်ခု ထက်ပိုသော တန်ဖိုးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းအောင်းနေပါသည်**

**အတာကူးသည့်နှစ်ဦးသင်္ကြန်**

နွေအလှတို့ဖြင့် လိမ်းခြယ်ထားသော ဂိမှာနရာသီတွင် ထိုအလှတစ်ပါးကို ပို၍ အသက်ဝင်စေသည်က အတာတန်ခူး နှစ်ကူးသင်္ကြန်ပင် မဟုတ်လား။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ကြိုဆိုသည့် ရေသဘင်ပွဲတော်လည်း ဖြစ်၏။ ပန်းပိတောက်တွေပွင့်၊ တူးပို့သံလွင့်လာရင်ဖြင့် တစ်နှစ်တာ ငြိမ်နေသည့် သင်္ကြန်ပိုးများ နိုးထလာလေပြီ။ အသက်တွေကြီးလာသည့်အတွက် ငယ်စဉ်ကကဲ့သို့ တက်ကြွမှုမရှိသော်လည်း ကြည်နူးမှု၊ ကျေနပ်မှု၊ ခံစားမှုတို့ကဖြင့် အဟောင်းကအသစ် ဖြစ်ရပြန်တော့သည်။ သင်္ကြန်ကို တမ်းတလွမ်းရသည်က သည်တစ်နှစ်တည်းသာ မဟုတ်။ နှစ်စဉ်နှစ်တိုင်း သည်အချိန်ရောက်လေတိုင်းပင်။

နွေအလှ၊ သင်္ကြန်အလှကို မဟာအတုလမင်းကြီးက တန်ခူးလဘွဲ့ လွမ်းချင်းမှာတော့ လွမ်းလှတယ်လို့ ဆိုထားလေရဲ့။ “နွေခါမိုင်ငယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စမွယ်ကွန့်ခါ၊ ဗွေအာကာတွင်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး”။ ကဲ ...မလွမ်းဘယ်သူရှိနိုင်မလဲလေ။

နှစ်ကူးတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေလောင်းရေပက်၍ သန့်ရှင်းစေသည်ဟု ဆိုကြသည်။ မောင်ရင်းနှမ ပျော်ရွှင်စေသည်။ ကုသိုလ်များဖြင့် နှစ်သစ်ကို ဖြတ်သန်းကြသည်။ စိတ်သစ်ကိုယ်သစ်ဖြင့် မြန်မာ့နှစ်ကူးကို ကြိုဆိုကြသည်။ သို့သော် ခေတ်တွေပြောင်းလို့ သင်္ကြန် ပုံစံများလည်း ပြောင်းလာနေကြလေပြီ။ သပြေခက်နှင့် ရေပက်သည့်သင်္ကြန်အဖြစ်မှ ရေပိုက်နှင့် ဖြစ်လာသည်။ တူးပို့နေရာတွင် ဒီဂျေများ အစားထိုးလာသည်။ အုန်းလက်မဏ္ဍပ်နေရာတွင် ကြော်ငြာဆိုင်းဘုတ်များနှင့် စင်မြင့်များ ဖြစ်လာသည်။ သင်္ကြန်မော်ဒန်နိုက်ဖေးရှင်းများလား မဆိုတတ်တော့။ ရိုးရာယဉ်ကျေးမှုရေပွဲတော်မှ ခေတ်မီသင်္ကြန်အဖြစ်သို့ တဖြည်းဖြည်းအသွင်ပြောင်း အစားထိုးလာသည်မှာ ဆယ်စုနှစ်များ ချီနေပါပြီ။ အစဉ်အလာကြီးသော၊ ယဉ်ကျေးသောဓလေ့တို့ တိုက်စားခံနေရပြီလား ဟု စဉ်းစားမိသည်။

**ရိုးရာယဉ်ကျေးမှုအစဉ်အလာ**

မြန်မာ့နှစ်ဦး အတာသင်္ကြန်သည် မြန်မာတို့၏ လှပသိမ်မွေ့သော ရိုးရာအစဉ်အလာတစ်ခု ဖြစ်ပါသည်။ သင်္ကြန်ရေသဘင်ကို မြန်မာနိုင်ငံ၌သာမက အိမ်နီးချင်း ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ကျင်းပသည်ကို တွေ့ရ၏။ ထိုင်းနိုင်ငံရေသဘင်ပွဲသည်လည်း မြန်မာ့ ရေသဘင်ပွဲလိုပင် ဟိန္ဒူနွှေဦးပွဲတော်မှ စတင်ခဲ့သည်ဟု ဆိုသည်။ မြန်မာ့အတာသင်္ကြန် ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃) တွင် နိုင်ငံ၏အဓိကကိုးကွယ်သော ဗုဒ္ဓအယူဝါဒနှင့်တကွ အခြားသော ယဉ်ကျေးမှုဓလေ့ထုံးစံတို့သည်လည်း ဟိန္ဒူအယူဝါဒနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့နှင့် ရောထွေးကာ မြန်မာနိုင်ငံဘက်သို့ ရောက်ခဲ့ကြသည်ဟု ဖော်ပြထားသည်။

သင်္ကြန်ရေသဘင်ပွဲတော်ကို မည်သည့်အချိန်တွင် စတင်ကျင်းပခဲ့သည်ဟု အတိအကျမသိရသော်လည်း သင်္ကြန်ပွဲတော်ကို ပုဂံခေတ်ကတည်းကပင် စတင်ခဲ့ကြောင်း သိရ၏။ သင်္ကြန်ဆိုသည့် ဝေါဟာရကို စောလှဝန်းဘုရားကျောက်စာ (တောင်ဘက်၊ ကျောဘက်) မြန်မာသက္ကရာဇ် ၆၅၃ (ခရစ်နှစ် ၁၂၉၁) တွင် “ဝါတွင်းကား၊ သီတင်းတိုင်းလျှင် အထက်ပုစင် ၁၊ တရားဆုလည်း တည်၏၊ မီးဖုန်း၊ သင်္ကြန်၊ စာရေး၊ ညောင်ရေသွန်းမပြတ်စေလျှင် တည်၏” (ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ စာကိုး အဘိဓာန်၊ ၂၀၀၉) ဟု ရေးထိုးထားကြောင်း တွေ့ရသဖြင့် ပုဂံခေတ်တွင် သင်္ကြန်ပွဲတော်ကျင်းပနေပြီ သိရသည်။ ထိုကျောက်စာကာလနှင့် စတင်တွက်လျှင်ပင် မြန်မာ့သင်္ကြန်ပွဲတော်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၇၀၀ ကျော်ရှိနေပါပြီ။ ရှည်ကြာလှသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပွဲတော် ဖြစ်ပါ၏။ အမျိုးသားယဉ်ကျေးမှုပွဲတော်ဟုလည်း ဆိုနိုင်ပါ၏။

**အမျိုးသားယဉ်ကျေးမှုနှင့် ခေတ်မီခြင်း**

ထိုသို့သော အမျိုးသားယဉ်ကျေးမှုအစဉ်အလာများကို ရိုးရာမပျက်ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့်သာ သင်္ကြန်၏ အဓိပ္ပာယ်နှင့် အနှစ်သာရများ မပျောက်မပျက် ရှိနေပါလိမ့်မည်။ ပြောင်းလဲလာသည့် ခေတ်အခြေအနေအောက်တွင် ယဉ်ကျေးမှုတို့သည် ပွန်းပဲ့တိုက်စားခံရကာ ယဉ်ကျေးမှု တန်ဖိုးများလျော့ကျခြင်းနှင့်အတူ ပျက်စီးတိမ်ကောသွားမည်ကို စိုးရိမ်မိပါ၏။ ရိုးရာအမွေအနှစ် အစဉ်အလာများကို ထိန်းသိမ်းခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းခြင်းနှင့် ခေတ်မီခြင်း အကြားတွင် ခပ်ပါးပါး စည်းတစ်ခုသာ ခြားထားသည်ဟု ခံစားရမိသည်။ ပုဂံရှေးဟောင်းဘုရားများနှင့်ပတ်သက်၍ သမိုင်းပညာရှင်တစ်ဦး၏ အင်တာဗျူးအဖြေကို မှတ်သားဖူးသည်။ “ပုဂံရှေးဟောင်းဘုရားတွေ ပျက်စီးနေလို့ဆိုပြီး ပြင်လိုက်ရင် အသစ်တွေပဲဖြစ်သွားမယ်၊ အဲဒါ ရှေးဟောင်းပစ္စည်း မဟုတ်တော့ဘူး၊ အသစ်ပြင်တာထက် ရှေးဟောင်းပစ္စည်းတွေကို နဂိုရှိရင်းအတိုင်း မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်မှ ရှေးဟောင်းပစ္စည်းဖြစ်တယ်လို့” ဖြေကြားခဲ့သည်ကို မှတ်သားနာထောင်ခဲ့ဖူးပါ၏။ ရိုးရာအစဉ်အလာ ထိန်းသိမ်းခြင်းသည်လည်း အလားတူပင်။ အထူးသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအစဉ်အလာများသည် သတိမထားမိပါက ခေတ်၏တိုက်စားခြင်း ခံရပြီး တန်ဖိုးများလျော့ကျခြင်း၊ အသွင်ပုံစံပြောင်းလဲခြင်း၊ အစဉ်အလာများ တိမ်ကောပျောက်ကွယ်ခြင်းတို့ ဖြစ်လာနိုင်ပါ၏။ ထိုသို့ဆိုခြင်းသည် ခေတ်မီခြင်း၊ တိုးတက်ခြင်း၊ တီထွင်ဖန်တီးခြင်းတို့ကို ပစ်ပယ်လိုခြင်းမဟုတ်ပါ။ ယဉ်ကျေးမှုနှင့် အစဉ်အလာကို မထိခိုက်သောခေတ်မီခြင်းကို ဆိုလိုခြင်းသာ ဖြစ်၏။

မြန်မာ့ရိုးရာအတာသင်္ကြန်ဆိုသည်မှာလည်း ရေပက်ကစားသည့် ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပိုသော တန်ဖိုးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းအောင်းနေပါသည်။ ဘာသာရေးအားဖြင့်ဖြစ်စေ၊ ယဉ်ကျေးမှုအားဖြင့်ဖြစ်စေ၊ အစဉ်အလာဓလေ့အားဖြင့်ဖြစ်စေ မည်မျှမြတ်နိုးတန်ဖိုးထားဖို့ကောင်းသည်မှာ ကြုံဖူးသူတိုင်း သိနိုင်ပါလိမ့်မည်။

**နှစ်သစ်နှင့်အတူ**

ဤသို့သော ယဉ်ကျေးမှုအတာသင်္ကြန်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် တစ်နှစ်တစ်ခါကြုံခဲ့ရသည်။ ပျော်ရွှင်ခဲ့ရ၏။ နွေဦးပေါက်လျှင် မျှော်ရပါပြီ။ စိတ်ကူးတို့နှင့်ပင် အပျော်စိတ်များဝင်လာသည်။ ပျော်လို့မဝခင် သင်္ကြန်ပြီးဆုံးသွားပြန်တော့ နောက်နှစ်သင်္ကြန်ကို မျှော်ရပြန်သည်။ ယခင်ကတော့ သင်္ကြန်ချိန်တွင် ရေကစားရမည်၊ ပျော်ရမည်၊ အလှူဒါနပြုကြမည်၊ ကောင်းမှုကုသိုလ်ယူကြမည်ဆိုသည့် အတွေးထက်မပိုခဲ့ဖူးပါ။

ယခုမူ ထိုထက် ပိုတွေးစရာများ ရှိလာနေပါပြီ။ တစ်နှစ်ကုန်တော့ အသက်တွေ တစ်နှစ်ကြီးခဲ့ပြန်ပြီပေါ့။ နှစ်ဟောင်းတစ်နှစ်တာကို ငုံ့စောင်းကြည့်မိသည်။ ကုသိုလ်တွေ၊ အကုသိုလ်တွေ ရောပြွန်းစွာတွေ့ရသည်။ အချို့သည် မသဲမကွဲ၊ အချို့သည် ထင်ထင်ရှားရှား။ နှစ်သစ်တွင် ယူသွားရမည့်အရာများ၊ ပြုပြင်ရမည်များ၊ ချန်ထားခဲ့ရမည်များများပြားလွန်းသည်။ နှစ်သစ်ဆိုသည့် အဓိပ္ပာယ်နှင့်အညီ စိတ်သစ်၊ အတွေးသစ်၊ အမြင်သစ်များကို မျှော်မှန်းမိသည်။ ရာသီတွေ၊ နှစ်တွေပြောင်းလဲခဲ့ပေမယ့် မပြောင်းလဲသည်က ကိုယ်တိုင်ဖြစ်နေမလား ဆင်ခြင်မိ၏။ ပြောင်းလဲခြင်း သဘောတွင် မပြောင်းလဲသည်က အနိစ္စပင်။ ဒီရေပ်၊ ဒီခန္ဓာကြီးသည် တစ်နေ့ အိုရဦးမည်၊ နာရဦးမည်၊ သေရပေဦးမည်။ မည်သူများ တားဆီးနိုင်ပါမည်နည်း။

မသေခင် အိုရ၊ နာရမည့် အရေးများကလည်း အသင့်စောင့်လို့ နေပါ၏။ အို၊ နာ၊ သေဘေး မတွေ့ခင်ကတော့ ငါနှင့်ငါသာ နှိုင်းစရာမရှိဟု ထင်မှတ်ယူကာ သခၤါရအရေး တွေးစရာလို့ပင် မထင်မိခဲ့။ နှစ်တွေပြောင်းလို့ အသစ်တွေက အဟောင်းဖြစ်၊ စိတ်လိုရာမဖြစ်တော့သည့် ဇရာအချိန်တွင် ခလုတ်ထိမှ အမိ “တ” သော်လည်း အတိတ်တို့သည် ပြန်မရနိုင်တော့။ လက်ဗလာနှင့် သံသရာကို ဘာတွေများယူသွားကြမည်နည်း။ နှစ်သစ်မှာရော ဘာတွေယူသွားကြမည်နည်း။ အတွေးတို့သည် ဝေဝါးလွန်းလှ၏။

**မေတ္တာဖျန်းလို့ လန်းစေလို**

နွေအလှ၊ အတာသင်္ကြန်အလှ၊ ဘဝအတွေးများနှင့် လွမ်းမောတွေဝေနေဆဲတွင် တစ်ချက်တစ်ချက် အဝေးမှလွင့်ပျံ့လာသော သင်္ကြန်သီချင်းသံက အတွေးများကို ပိုမိုခံစားချက်ဝင်စေသလိုပင်။ သည်ရာသီ၊ သည်အချိန်မှာ သည်သီချင်းများက လိုက်ဖက်ညီလွန်းလှ၏။ ညင်သာစွာ လွင့်ပျံ့လာသော သီချင်းသံမှာ အဆိုတော်ကြီး (ဒေါ်) မြဝတ်ရည် သီဆိုထားသည့် နွေမှာရွာသောမိုး ...။ ငယ်စဉ်ကပင် ရင်းနှီးခဲ့သော်လည်း ယနေ့ထက်တိုင် မရိုးနိုင်သော သီချင်းပင်။

နွေမှာရွာသော .. မေတ္တာမိုးကလေး အေးမြကြည်လင် .. ယမင်းရွှေစင် မေတ္တာမိုးရေဖျန်း ပက်လို့ပင် ... တစ်ပြည်လုံးအေးချမ်းစေကြောင်း ဆုရွှေတေးသံလွင် ... ညင်းလေနှော့နှော့ကာသွေး ပန်းပိတောက်ရွှေရည် ထုံကြည်မွှေးရင် ... ခါနွေသဘင် နုယဉ်ကျေးကျေး ကြည်အေးလန်းရွှင် ... ပန်းပေါင်းဝေဆာ ပွင့်ရှာစုံလင် ... မေတ္တာသည်မိုးရေ ... ယမင်းရွှေစင် ဖျန်းပေးပါမယ်ရှင် ...

မေတ္တာမိုးရေ ဖျန်းပေးမည် ဆိုပါလား။ ဖျန်းကြပါစေ။ မေတ္တာမိုးရေ ရွှဲရွှဲစိုအောင် ဖျန်းပေးစေချင်ပါ၏။ ခြောက်သွေ့နေသည့် လောကဓာတ်တစ်ခုလုံး မေတ္တာမိုးရေဖြင့် လန်းရွှင်ကြစေလို လှုပါ၏။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၄-၂၀၂၂ တနင်္လာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၃၅ | ဒါသကြိန်အဆိုအကများ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၀၈:၃၅ | နဝင်္ဂဥပေါသထ သီလပေးတရားတော် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆိနေကြာဆိ | ၁၈:၃၅ | ဒါသကြိန်အဆိုအကများ |
| ၀၉:၃၀ | ချစ်စရာအတာသကြိန် | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်' (အပိုင်း-၂၂) |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ | ၂၁:၀၀ | မင်္ဂလာပါအတာသကြိန် MRTV (၂) |
| ၁၁:၀၀ | ဒါသကြိန်အဆိုအကများ | ၂၁:၄၅ | ဆေးရောင်စုံရုပ်ရှင် 'ပျော်လိုက်ရအောင်' (လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊) |
| ၁၂:၃၀ | 'သေဘေးကိုရှုကြည့်၍' တရားတော် | | |
| ၁၃:၃၀ | MRTV National News | | |
| ၁၃:၅၅ | မင်္ဂလာပါအတာသကြိန် MRTV (၁) | | |
| ၁၅:၀၅ | အစဉ်အလာမပျက်ဆင်ယင်နွဲ ရခိုင်တို့သကြိန်ပွဲ | | |
| ၁၅:၃၀ | မြူးကြွတေးသံ NRC သကြိန်(၃) | | |

**mitv**

07:01 Awayyar Horntu (Sein Lei Lei)
07:08 Journey To The Mogok (Part-2)
07:35 Bottle Gourd Painting
07:40 Palm-leaf Inscriptions and Parabaiks from Inlay Region
07:50 Thingyan Songs & Dances
08:01 Faith & Worship (Part-1)
08:19 Don Min Artist
08:39 Chef Life: Miss Chayanit Prampate (Thai)
08:53 Water Festival Konebaung Era
09:01 News
09:27 Global Partnership for Brighter Future: Sri Lank Pavilion at Expo 2020 Dubai
09:36 Discovering Tribes: Taung Yoe (Their Life and Customs)
10:01 Myanmar Masterclass: Impressionism

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စဉ့်အိုးဖိုရွာကလေးရဲ့အိုးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ပွန်စာပေသင်ကြရအောင်(အပိုင်း-၂)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
စဉ်လာမပျက်ဆင်ယင်နွဲ ရခိုင်တို့ရဲ့သကြိန်ပွဲ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောတိုဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
လှမ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ

**ဝကကကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ခရမ်းချဉ်သီးအစာသွပ်

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကပတိုး ပိုက်ကတိုး' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | ပြည်ထောင်စုနယ်မြေမှနေချင်စဖွယ်ကျေးရွာများ |
| ၀၇:၀၀ | တန်ခူးလသကြိန်ရှမ်းခလေ့ထုံးစံ |
| ၀၇:၅၀ | ကျန်းမာသုခဝင်ငွေရတဲ့ မိသားစုဘဝလေးတည်ထောင်စို |
| ၀၉:၁၅ | စိမ်းနီဝါဖြူလယ်ကွင်းဆီမှာ ဖူးငုံဝါပွင့်ပန်းတင့်သည့်သာစည်မြေ |
| ၀၉:၄၅ | ရော်ဘာမျိုးစေ့အစို့ဖောက်ခြင်းနှင့် ပျိုးထောင်ခြင်း |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို ဧပြီ ၁၃ တနင်္ဂနွေ မှအစ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ၁၃၈၃ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ်

၁။ ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီလ ၁၃ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီလ ၁၄ရက် (သင်္ကြန်အကျနေ့)၊ ဧပြီလ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီလ ၁၆ ရက် (သင်္ကြန်အတက်နေ့)တို့တွင် အောက်ပါအတိုင်း ရေပေးဝေမည်ဖြစ်ပါသည်-

(က) ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့်ဒဂုံမြို့နယ်များသို့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ၆နာရီအထိ တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပါသည်။

(ခ) အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၈နာရီမှ ၁၀နာရီအထိ ရေပေးဝေသွားမည်ဖြစ်ပါသည်။

(ဂ) တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်ာန်းကျွန်း၊ ရွှေပေါက်ကံမြို့သစ်၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပါသည်။

၂။ ဧပြီလ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် (ရေ/သန့်)ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီးအကူအညီလိုအပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) တယ်လီဖုန်း(၀၉-၅၀၈၇၀၆၄၊ ၀၉-၅၀၅၁၉၈၆၊ ၀၉-၅၁၃၃၂၀၂၊ ၀၉- ၅၀၈၇၆၇၇) တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၄၀/၁၉၅၀ ကျပ် | ၁၉၇၀/၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅/၁၉၇၀ ကျပ် | ၁၉၉၅/၂၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၅/၁၇၃၀ ကျပ် | ၁၇၇၅/၁၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀/၁၈၁၅ ကျပ် | ၁၉၀၀/၁၉၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၀၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၈ . ၂၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၀ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၃၇၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၈၀၀၀ | ၃၁၇ | ၂၄၉၁၀၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၅၇၄ | ၄၂၀၀၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၃ | ၅၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆ | ၁၅၉၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မီဒီယာ၊ လူမှုကွန်ရက်နှင့် ကျင့်ဝတ်

မယ်စူးစမ်း

အတွေးအခေါ်ပညာရှင် ဘလက်ဘန်းဆိုသူက "လူသားဆိုသည်မှာ ကျင့်ဝတ်ရှိသော သတ္တဝါများဖြစ်သည်" ဟု ဆိုခဲ့သည်။ လူ့လောကတွင် ရှင်သန်နေထိုင်ရာ၌ ကဏ္ဍအသီးသီးအလိုက် လိုက်နာစောင့်ထိန်းရသော ကျင့်ဝတ်များစွာရှိပါသည်။ အနောက်တိုင်းနှင့် အရှေ့တိုင်း၏ ကျင့်ဝတ်နှင့်သက်ဆိုင်သည့် တွေးခေါ်ယူဆချက်များကို လေ့လာကြည့်မည်ဆိုပါက အရှေ့တိုင်းသားတို့၏ ကျင့်ဝတ်ဆိုင်ရာအတွေးအခေါ်မှာ လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေး၊ လူမှုရေးနှင့် နိုင်ငံရေးတို့သည် တစ်ခုနှင့်တစ်ခု အမြဲဆက်စပ်နေသည်ဟူသောအချက်ကို အဓိကထားပြီး အနောက်တိုင်းကမူ လက်တွေ့အသုံးကျမှု၊ တာဝန်ရှိမှုနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိုယ်ကျင့်သီလအပေါ် အခြေခံချဉ်းကပ်တွေးခေါ်သည်ကို တွေ့ရှိရပါသည်။

### ဝေါဟာရနှင့်အနက်အဓိပ္ပာယ်

"ကျင့်ဝတ်" (Ethics) ဟူသော စကားလုံးသည် ဂရိစကားလုံး Ethos မှ ဆင်းသက်လာခြင်းဖြစ်ပြီး "အကျင့်စရိုက်" ဟု အဓိပ္ပာယ်ရကာ လူကောင်းတစ်ယောက်ဖြစ်စေရန် မည်သို့သော ကောင်းမွန်သည့် အကျင့်စရိုက်ရှိသင့်သည်ဆိုသောအချက်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျင့်ဝတ်ဆိုသည်မှာ တစ်နည်းအားဖြင့် စံတန်ဖိုးတစ်ခုအဖြစ်လည်း ဆိုနိုင်ပါသည်။ တစ်စုံတစ်ရာနှင့် ပတ်သက်ပြီး မည်သို့ဆောင်ရွက်သင့်သည်ဆိုသည့် ဒွိဟဖြစ်ဖွယ် အခြေအနေမျိုးတွင် ပြန်လည်ဆင်ခြင်သုံးသပ်ရသည့် လမ်းညွှန်ချက်တစ်ခုလည်း ဖြစ်ပါသည်။

"မီဒီယာ" ဟူသော ဝေါဟာရကိုမူ မယ်ရီရမ်-ဝက်ဘ်စတာ အဘိဓာန်တွင် "လူထုအတွင်း သတင်းအချက်အလက်များ ဖြန့်ဝေပေးသည့်ဆက်သွယ်ရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးစနစ်" ဟု လည်းကောင်း၊ Dictionary ဝက်ဘ်ဆိုက်တွင် "ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးရောက်ရှိစေသည့် ရေဒီယိုနှင့် ရုပ်မြင်သံကြား၊ သတင်းစာများ၊ မဂ္ဂဇင်းများနှင့် အင်တာနက်ကဲ့သို့သော ဆက်သွယ်ရေးနည်းလမ်း"ဟု လည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် "မီဒီယာကျင့်ဝတ်" ဆိုသည်မှာ မီဒီယာလုပ်ငန်းဖော်ဆောင်ပေးသူများနှင့် ဖြန့်ဝေသူများ လိုက်နာရမည့် အပြုအမူဆိုင်ရာ မှန်ကန်သောစံနှုန်းများ သို့မဟုတ် ပြုမူဆောင်ရွက်သင့်သည့် အခြေခံမူများဟု အလွယ်မှတ်သားနိုင်ပါသည်။

### မီဒီယာအသစ်များပေါ်ပေါက်ခြင်း

ယနေ့ကမ္ဘာတွင် ခေတ်သစ်နည်းပညာနှင့်အတူ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍများတွင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အပြန်အလှန် ပတ်သက်ဆက်ဆံမှုများ တိုးတက်လာမှုကြောင့် မီဒီယာ အမျိုးအစားအသစ်များလည်း ပေါ်ပေါက်လာခဲ့သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အစရှိသည့် ပုံနှိပ်မီဒီယာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့ကဲ့သို့ ရုပ်သံမီဒီယာများနှင့် "New Media"ဟူသော အင်တာနက်အသုံးပြု၍ တင်ပြရသည့် ဘလော့များ (Blogs)၊ လူမှုကွန်ရက်များ (Social Networking Sites – SNSs)၊ ဝက်ဘ်ဆိုက်များ(Websites)စသည့် မီဒီယာနှင့် မီဒီယာအသုံးပြုသူတို့ အပြန်အလှန်တုံ့ပြန်နိုင်သော Social Media, Online Media များလည်း ပေါ်ပေါက်လာပါသည်။

အဆိုပါ မီဒီယာပုံစံအသစ်များကြောင့် ကျင့်ဝတ်ဆိုင်ရာ ပြဿနာအသစ်များသည်လည်း ပိုမိုဖြစ်ပေါ်လာရပါသည်။ ဆိုရှယ်မီဒီယာကဲ့သို့ ခေတ်သစ်မီဒီယာပုံစံများနှင့် သတင်း၊ စာနယ်ဇင်း၊ ရုပ်သံမီဒီယာများကဲ့သို့သော သမားရိုးကျ မီဒီယာပုံစံများတွင်လည်း ကျင့်ဝတ်သိက္ခာရှိမှုသည် အရေးပါလျက်ရှိပါသည်။

### မီဒီယာကျင့်ဝတ်အရေးကြီး

မည်သည့်မီဒီယာအမျိုးအစားတွင်မဆို ပြည်သူလူထုထံ သတင်းအချက်အလက်များ တင်ပြရာ၌ မှန်ကန်မှုရှိစေရန်၊ တိကျစေရန်၊ လွတ်လပ်ပြီး တရားမျှတမှုရှိစေရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရမည်မှာ အခြေခံမီဒီယာကျင့်ဝတ်ဆိုင်ရာ အချက်များပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မီဒီယာသည် မှန်ကန်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေလျှင် ပြည်သူလူထုကို အကျိုးပြုနိုင်သော်လည်း သတင်းအတုအယောင်၊ သတင်းမှားများကို ဖြန့်ဝေမည်ဆိုပါက လက်နက်တစ်ခုသဖွယ် လူတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို အန္တရာယ်ပြုနိုင်၊ ဒုက္ခပေးနိုင်သောကြောင့် ဖြစ်ပါသည်။ မိမိ၏ ဆင်ခြင်သုံးသပ်မှုအားနည်းခြင်းကြောင့် သတင်းအချက်အလက်များ လွဲမှားသွားလျှင်ဖြစ်စေ၊ မိမိအကျိုးစီးပွားကို မျှော်ကိုးပြီး လိမ်လည်ရေးသားလျှင်ဖြစ်စေ မီဒီယာကျင့်ဝတ်ကို ဖောက်ဖျက်ရာရောက်နေမည်ဖြစ်ပါသည်။

> **မီဒီယာတို့၏ ကျင့်ဝတ်စောင့်စည်းလိုက်နာမှု အားနည်းချက်များ၊ ဆိုရှယ်မီဒီယာ အသုံးပြုသူများ၏ မီဒီယာအသိပညာ အားနည်းချို့တဲ့မှုတို့ကြောင့် ဘက်မလိုက်သော၊ မီဒီယာပီသသောမီဒီယာများ တဖြည်းဖြည်းပျောက်ကွယ်လာနေပြီး "မိမိနှင့်မတူလျှင် ရန်သူ" ဟူသည့် အစွန်းရောက်ခံယူချက်များ၊ "မတူလျှင်မှားသည်" ဟူသည့် ဗဟုသုတနည်းပါးမှုများ၊ "အမြင်အသစ်ကို လက်မခံနိုင်ခြင်း" ဟူသည့် သဘောထားကျဉ်းမြောင်းမှုများသည်သာ ပို၍တိုးပွားလာနေ**

### အဝါရောင်မီဒီယာ

ကျင့်ဝတ်နှင့်ညီသော မီဒီယာတစ်ခုဖြစ်လာရေးနှင့် လူကြိုက်များသော မီဒီယာတစ်ခုဖြစ်လာရေးတို့သည် အမြဲ ပဋိပက္ခဖြစ်စေသော အခြေအနေတစ်ရပ်ကို ဖန်တီးလေ့ရှိပါသည်။ မီဒီယာနယ်ပယ်မှာပင် အဝါရောင်မီဒီယာ (Yellow Journalism) များသည် မီဒီယာပရိသတ်ကို ပိုမိုဆွဲဆောင်နိုင်ကြပါသည်။ အဝါရောင်မီဒီယာ(Yellow Journa–lism) ဆိုသည်မှာ မှန်ကန်သည့် အချက်အလက်ကို အခြေခံခြင်းမဟုတ်ဘဲ လူစိတ်ဝင်စားမည့် အကြောင်းအရာကိုသာ တင်ပြ၍ ပရိသတ်ကို ဆွဲဆောင်ကာ မိမိတို့မီဒီယာ စီးပွားရေးအကျိုးအမြတ်ရရှိရေးကိုသာ ဦးတည်သည့် မီဒီယာအမျိုးအစားဟု အကြမ်းဖျင်း မှတ်ယူနိုင်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ပရိသတ်ကို ပိုမိုဆွဲဆောင်နိုင်ရန် မီဒီယာများသည် အဝါရောင်ဘက်ကို တဖြည်းဖြည်း ပြောင်းလဲလာကြသည်ကို စိတ်မကောင်းဖွယ် မြင်တွေ့နေရပါသည်။

### မြန်မာနိုင်ငံ၏ အွန်လိုင်းမီဒီယာခရီးအစ

မြန်မာနိုင်ငံ၏ မီဒီယာလမ်းခရီးသည် သမ္မတဦးသိန်းစိန်လက်ထက် ၂၀၁၀ – ၂၀၁၅ ခုနှစ်တွင် သိသိသာသာ ချောမွေ့ပြောင်းလဲလာခဲ့ပြီး မီဒီယာလွတ်လပ်ခွင့်များလည်း ရရှိခဲ့ကြပါသည်။ ဆိုရှယ်မီဒီယာအသုံးပြုမှုသည်လည်း ဈေးချိုသော ဖုန်းဆင်းမ်ကတ်များနှင့် မိုဘိုင်းလ်အင်တာနက် ရရှိလာမှုတို့နှင့်အတူ တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်မှာ စာဖတ်သူတို့အားလုံး အသိပင်ဖြစ်ပါသည်။ အင်တာနက်အသုံးပြုရန် အင်တာနက်ဆိုင်တွင် တစ်နာရီ ၅၀၀ ကျပ်ပေး၍လည်းကောင်း၊ Internet Modem card များဝယ်ယူပြီး ကြိုးဖုန်းများနှင့် ခက်ခက်ခဲခဲ ချိတ်ဆက်၍လည်းကောင်း အသုံးပြုမှုရသည့် အင်တာနက်ကို ၁၅၀၀ ကျပ်တန် ဆင်းမ်ကတ်တစ်ကတ်နှင့် Smart Phone တစ်လုံး ရှိရုံမျှဖြင့် အသုံးပြုနိုင်သည့်အချိန်တွင် ကလေး၊ လူကြီးမရွေး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆိုရှယ်မီဒီယာ (Social Media)၊ ဆိုရှယ်နက်ဝပ် ပလက်ဖောင်း(Social Network Platforms)များနှင့် ရင်းနှီးလာခဲ့ပါတော့သည်။

မြန်မာနိုင်ငံတွင် Social Networking Sites–SNSs များထဲ၌ Facebook သည် လူထုအသုံးပြုမှုအများဆုံးနှင့် သတင်းစီးဆင်းမှုအမြန်ဆုံး ဖြစ်ပါသည်။ မြန်မာပြည်သူ/ပြည်သား တို့၏ နေ့စဉ်ဘဝတွင် Facebook သည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လာပြီး လူသိများမှု၊ အောင်မြင်ကျော်ကြားမှုတို့နှင့်အတူ အချက်အလက်မှန်ကန်မှုများ အားနည်းခြင်း၊ သတင်းမှား၊ သတင်းတုများကို ထိန်းချုပ်ရန် ခက်ခဲလာခြင်းတို့သည်လည်း အတူလိုက်ပါလာခဲ့ပါသည်။ ထိုနည်းတူပင် မီဒီယာတို့၏ ကျင့်ဝတ်စောင့်စည်းလိုက်နာမှု အားနည်းချက်များ၊ ဆိုရှယ်မီဒီယာ အသုံးပြုသူများ၏ မီဒီယာအသိပညာ အားနည်းချို့တဲ့မှုတို့ကြောင့် ဘက်မလိုက်သော၊ မီဒီယာပီသသော မီဒီယာများ တဖြည်းဖြည်း ပျောက်ကွယ်လာနေပြီး "မိမိနှင့်မတူလျှင် ရန်သူ" ဟူသည့် အစွန်းရောက်ခံယူချက်များ၊ "မတူလျှင် မှားသည်" ဟူသည့် ဗဟုသုတနည်းပါးမှုများ၊ "အမြင်အသစ်ကို လက်မခံနိုင်ခြင်း" ဟူသည့် သဘောထားကျဉ်းမြောင်းမှုများသည်သာ ပို၍တိုးပွားလာနေသည်ကို တွေ့မြင်နိုင်ပါသည်။

### စတုတ္ထမဏ္ဍိုင်(The Fourth Estate)

စတုတ္ထမဏ္ဍိုင် (The Fourth Estate) ဟု ဆိုကြသော မီဒီယာသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ထောက်တိုင်တစ်ခု ဖြစ်ပါသည်။ ခြေထောက်လေးဖက်ပါသော စားပွဲတစ်လုံးမှာ တစ်ဖက်က ကျိုးနေလျှင် အဆိုပါစားပွဲသည် ဟန်ချက်ညီနိုင်ပါဦးမည်လော။ ထိုသဘောတရားအတိုင်းပင် ဖြစ်သည်။ မီဒီယာ၏ အဓိပ္ပာယ်မှာ "medium" မှ ဆင်းသက်လာပြီး ကြားခံဟု အဓိပ္ပာယ်ရပါသည်။ မီဒီယာသည် ပြည်သူလူထုထံသို့ သိသင့်သိထိုက်၊ သိသင့်သိအပ်သော သတင်းအချက်အလက်များကို ကြားမှနေ၍ ပို့ဆောင်ပေးရသူဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် မီဒီယာတို့သည် အဂတိတရားလေးပါး ကင်းစင်ပြီး ဘက်မလိုက်သော၊ တရားမျှတသော၊ ကျင့်ဝတ်နှင့်ညီသော မီဒီယာများဖြစ်ရန် အရေးကြီးပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် မီဒီယာကောင်းများ ကင်းမဲ့ခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေသည်သာမက ပြည်သူလူထုအပေါ်လည်း တာဝန်မကျေရာရောက်သည်ကို သတိပြုသင့်ပါသည်။

### ကျင့်ဝတ်ဆိုင်ရာအခြေခံမူများ

ကျင့်ဝတ်စည်းမျဉ်းပေါင်း ၄၀၀ ကျော်ကို ကမ္ဘာတစ်ဝန်းတွင် လက်ခံကျင့်သုံးခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် နိုင်ငံတကာသတင်းထောက်များအသင်း (International Federation of Journalists – IFJ) က သဘောတူလက်ခံခဲ့သော သတင်းနှင့် စာနယ်ဇင်း အတတ်ပညာဆိုင်ရာ ကမ္ဘာ့ထုတ်ပြန်ကြေညာချက်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပါသည်။ မီဒီယာကျင့်ဝတ်ကို အဖွဲ့အစည်းအမျိုးမျိုးက မူအမျိုးမျိုးဖြင့် ရေးဆွဲထားပြီး တချို့မီဒီယာများသည် မိမိတို့တိုက်ပိုင်မီဒီယာကျင့်ဝတ်များလည်း ရှိတတ်ကြပါသည်။ အခြားထင်ရှားသော မီဒီယာကျင့်ဝတ်မှာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်အခြေစိုက် ကျွမ်းကျင်သတင်းထောက်များအသင်း (Society of Professional Journalists – SPJ)၏ သတင်းသမား/မီဒီယာကျွမ်းကျင်ပညာရှင်တို့အတွက် သတ်မှတ်ပေးထားသော ကျင့်ဝတ်ဆိုင်ရာ အခြေခံမူ လေးချက်မှာ အမှန်တရားကိုရှာဖွေပြီး သတင်းတင်ဆက်ခြင်း၊ ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းစေခြင်း၊ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခြင်း၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ ဖြစ်ကြသည်။ အဆိုပါအချက်လေးချက်ထဲမှ တစ်ချက်ချင်းစီကို အနည်းငယ်ကောက်နုတ်ဖော်ပြလိုပါသည်။

SPJ ၏ အခြေခံမူ နံပါတ်(၁) အရ မီဒီယာသမားများအား ၎င်းတို့၏ လုပ်ဆောင်ချက်များ တိကျခိုင်မာမှုအတွက် တာဝန်ယူမှုရှိရန်၊ သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းမပြုမီ အတည်ပြုရန်နှင့် တတ်နိုင်သမျှ မူလသတင်းရင်းမြစ်များကိုသာ ကိုးကားရမည်ဖြစ်ပြီး အစိုးရ၊ အများပြည်သူဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း စောင့်ကြည့်ထိန်းကျောင်းရန် တာဝန်ရှိပါသည်။ မီဒီယာသမားများအနေဖြင့် အမှန်တရားရှာဖွေဖော်ထုတ်ရာတွင် တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးကို လေးစားမှုရှိရန်လည်း အရေးကြီးသည့်အပြင် အများပြည်သူသိရှိရန်လိုအပ်သည့် မှန်ကန်သည့် သတင်းအချက်အလက်များ ရှာဖွေဖော်ထုတ်၍ မယိမ်းမယိုင် မတိမ်းမစောင်း တင်ပြပေးရန်လည်း တာဝန်ရှိပါသည်။

အခြေခံမူ(၂)သည် "ထိခိုက်နစ်နာမှု နည်းနိုင်သမျှ နည်းစေရမည်" ဖြစ်ပါသည်။ ဆိုလိုရင်းမှာ "မီဒီယာသမားများသည် ၎င်းတို့၏ ထုတ်ဖော်တင်ပြမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သတင်းအရင်းအမြစ်များ၊ တင်ပြမည့် အကြောင်းအရာများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပြည်သူလူထုအား လေးစားထိုက်သည့် လူသားများသဖွယ် သဘောထားလုပ်ဆောင်မှသာ ကျင့်ဝတ်နှင့်ညီသော မီဒီယာဖြစ်လာမည် ဖြစ်ပါသည်။ *စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ထို့ပြင် လူငယ်များနှင့် ပြစ်မှုကျူးလွန်ခံရသူများ အပါအဝင် သတင်းဖော်ပြချက်ကြောင့် ထိခိုက်ခံရသူတစ်ဦး တစ်ယောက်ချင်းစီအပေါ် စာနာနားလည်မှုကို ဖော်ပြရမည်”ဟု သတ်မှတ်ထားပါသည်။

### တာဝန်ယူမှုရှိသောလွတ်လပ်မှု

မီဒီယာသမားများသည် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဆိုထားသည့် အခြေခံမူ (၃) တွင် “ သတင်းနှင့် စာနယ်ဇင်းအတတ်ပညာ၏ အဓိကတာဝန်မှာ အများပြည်သူအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ဖော်ပြထားရာ မီဒီယာသမားများအနေဖြင့် အများပြည်သူကို ပထမဦးစားပေးနေရာ၌ ထားရမည်ဖြစ်ပြီး ကြော်ငြာရှင်များ၊ အလှူရှင်များ သို့မဟုတ် အခြားသော အကျိုးစီးပွားများအပေါ် အလေးပေးဖော်ပြခြင်းကို ရှောင်ကြဉ်ရမည်၊ ပြည်တွင်းပြည်ပမှ ဖိအားပေးလွှမ်းမိုးမှုများကိုလည်း ခုခံကာကွယ်နိုင်စွမ်း ရှိရမည်” ဖြစ်ပါသည်။

စတုတ္ထမူဖြစ်သည့် “ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း” တွင် မီဒီယာသမားများသည် “ကျင့်ဝတ်ဆိုင်ရာ ရွေးချယ်မှုများနှင့် လုပ်ငန်းစဉ်များကို ပြည်သူလူထုအား ရှင်းလင်းတင်ပြသင့်ပြီး မည်သို့သော အမှားကိုမဆို အသိအမှတ်ပြုဝန်ခံကာ အများပြည်သူသို့ ထုတ်ဖော်ပြောကြားရန်” လိုအပ်ပါသည်။ ထို့ပြင် “အမှားများကိုလည်း မဆိုင်းမတွ ချက်ချင်းပြင်ဆင်ရန်” အရေးကြီးပါသည်။

မီဒီယာနယ်ပယ်တွင် အကျိုးစီးပွားပဋိပက္ခ ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းနည်းသည် သတင်းမီဒီယာကျင့်ဝတ်၏ အခြေခံအကျဆုံးအပိုင်းဖြစ်သည့် သတင်းနှင့်စာနယ်ဇင်းသမားများ လိုက်နာရမည့် အမြင့်ဆုံးကျင့်ဝတ်စံနှုန်းကို လိုက်နာစောင့်ထိန်းခြင်းအားဖြင့် စည်းမျဉ်းနှင့်အညီ ရပ်တည်ဖြေရှင်းသောနည်းလမ်း ဖြစ်ပါသည်။ ထို့ပြင် အချို့စီးပွားရေးလုပ်ငန်းရှင်များ သို့မဟုတ် ဌာနဆိုင်ရာဝန်ထမ်းများက မိမိတို့ထုတ်လွှင့်လိုသော သတင်းအကြောင်းအရာနှင့် စပ်လျဉ်းပြီး ထုတ်လွှင့်ပေးရန် မီဒီယာသမားများအား ငွေကြေးမြောက်မြားစွာထည့်ထားသည့် စာအိတ်ညို (Brown Envelope) များကို ပေးခြင်းဖြင့် မီဒီယာကဏ္ဍ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ စာအိတ်ညို (Brown Enevelope) သည် မီဒီယာအတတ်ပညာဆိုင်ရာ လွတ်လပ်စွာပြုမူဆောင်ရွက်မှုဟူသည့် စည်းမျဉ်းကို ဆန့်ကျင်ခြင်းဖြစ်ပြီး အများပြည်သူထံသို့ လိမ်လည်၍ ဘက်လိုက်သည့် မီဒီယာအဖြစ် ဖြစ်ပေါ်လာစေပါသည်။

### တစ်ဦးချင်းမီဒီယာ(Individual Media)နှင့် ကျင့်ဝတ်

နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုသည် ဆိုရှယ်မီဒီယာပေါ်တွင် လူတိုင်းအား မီဒီယာသမားတစ်ယောက်သဖွယ် ပြုမူဆောင်ရွက်နိုင်ရန် အထောက်အကူပြုပါသည်။ စမတ်ဖုန်းတစ်လုံး ရှိရုံမျှဖြင့် သတင်းဖြစ်ရပ်များကို မှတ်တမ်းတင်ခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းတို့ကို ပြုလုပ်နိုင်ပြီး သတင်းအချက်အလက် အကြောင်းအရာများကို တစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်းမျှဝေနိုင်ပြီး “ပြည်သူထဲက သတင်းသမားများ” ပေါ်ထွက်လာပါသည်။ တစ်ဖက်တွင်လည်း မီဒီယာကျင့်ဝတ်ဆိုင်ရာ ပြဿနာများ ပိုမိုများပြားလာစေပါသည်။

အများပြည်သူသို့ သတင်းအချက်အလက်များ ဖန်တီးထုတ်လွှင့်သည့် မီဒီယာသမားများ၊ မီဒီယာကဏ္ဍအသီးသီးမှ မီဒီယာလုပ်ငန်းဆောင်ရွက်နေသူများသာမက မီဒီယာအသုံးပြုနေသူတိုင်းသည် မီဒီယာကျင့်ဝတ်များကို သိရှိထားရန် လိုအပ်ပါသည်။ မီဒီယာကျွမ်းကျင်သူများက မီဒီယာကျင့်ဝတ်များကို မဖြစ်မနေ လိုက်နာသင့်သကဲ့သို့ မီဒီယာ



အသုံးပြုသူများသည်လည်း ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်များ၊ စံနှုန်းများကို လက်ကိုင်ထားရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆိုရှယ်မီဒီယာ၏ သဘာဝအရ မီဒီယာစောင့်ကြည့်အသုံးပြုသူများကလည်း ရုပ်သံမှတ်တမ်းများနှင့် သတင်းအချက်အလက်များကို လူအမြောက်အမြားထံသို့ ပြန်လည်မျှဝေနိုင်သောကြောင့် ဖြစ်ပါသည်။

### ဆိုရှယ်မီဒီယာထွန်းကားမှု (Social Media Booming)

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့် ဆိုရှယ်မီဒီယာထွန်းကားမှု (Social Media Booming) အရ လူတို့သည် မနက်စာထမင်းဝိုင်းတွင် သတင်းစာဖတ်သည့် အလေ့အကျင့်မှ ဖုန်းထုတ်၍ Facebook ကြည့်သည့် အလေ့အကျင့်သို့ ပြောင်းလဲလာခဲ့ပြီး တချို့သည်လည်း မီဒီယာအသိပညာ၊ ဗဟုသုတများ (Media Knowledge)၊ အကြောင်းအရာပါအချက်အလက် မှန်/ မမှန်စစ်ဆေးခြင်း (Fact Checking)၊ မီဒီယာကျင့်ဝတ် (Media Ethics) နှင့် သတင်းရင်းမြစ်စစ်ဆေးခြင်း (Source Verification) တို့ကို သိရှိနားလည်လာကြပါသည်။ သို့သော်လည်း မီဒီယာအသုံးပြုသူအရေအတွက်နှင့်ယှဉ်ပါက ထိုသို့ သိရှိနားလည်သူအရေအတွက် အင်မတန်နည်းနေသေးကြောင်းကို Click–bait မီဒီယာများ ကျယ်ပြန့်လာနေမှုကိုကြည့်လျှင် သိနိုင်ပါသည်။

### Click–bait မီဒီယာ

Click–bait မီဒီယာဆိုသည်မှာ သတင်းခေါင်းစီးဖတ်လိုက်ရုံဖြင့် အဆိုပါ သတင်းတင်ထားသော ဝက်ဘ်ဆိုက်ထဲသို့ ပရိသတ်များ ရောက်ရှိပြီး အကျိုးစီးပွားရှာဖွေသောမီဒီယာများ ဖြစ်ပါသည်။ Click–bait မီဒီယာများသည်လည်း လူမှုကွန်ရက်ပေါ်တွင် သတင်းမှား၊ သတင်းတုများ ပျံ့နှံ့နေခြင်း၏ အကြောင်းရင်းများစွာထဲမှ တစ်ခုဖြစ်ပါသည်။ ထို့အတွက် မီဒီယာတို့၏ ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှု အရေးကြီးသကဲ့သို့ ဆိုရှယ်မီဒီယာအသုံးပြုသူများ၏ မီဒီယာဗဟုသုတ ကြွယ်ဝခြင်း၊ မီဒီယာနှင့်စပ်လျဉ်းသည့် အသိပညာများရှိခြင်းတို့သည်လည်း ချန်လှပ်ထား၍မရသည့် အချက်ဖြစ်ကြောင်း ထည့်သွင်းစဉ်းစားစေခြင်း ဖြစ်ပါသည်။

ဆိုရှယ်မီဒီယာများဟု ဆိုရာတွင် Social Influencers (ဆိုရှယ်မီဒီယာအပေါ်တွင် လွှမ်းမိုးမှုရှိသူ သို့မဟုတ် အရပ်အခေါ်အရ ဖေ့စ်ဘွတ်ဆယ်လီ Facebook Celebrities) များလည်း အကျုံးဝင်ပါသည်။ ၎င်းတို့သည်လည်း မီဒီယာတစ်ခုကဲ့သို့ပင် Followers များလျှင်များသလောက် လွှမ်းမိုးမှုရှိပြီး သတင်းတု၊ သတင်းမှားပျံ့နှံ့မှုကွန်ရက်ကို ပိုမိုကြီးထွားနိုင်စေသောကြောင့် မီဒီယာကျင့်ဝတ် လိုက်နာရန် လိုအပ်ပါသည်။ မီဒီယာကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းကြရန်မှာ မီဒီယာများ၊ Social Influencers များသည်သာမက ဆိုရှယ်မီဒီယာ အသုံးပြုသူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းက လိုက်နာကြရမည်ဖြစ်ပါသည်။ ဆိုရှယ်မီဒီယာပေါ်တွင် သတင်းအချက်အလက်တစ်ခုသည် တစ်ယောက်မှသည် ဆယ်ယောက်၊ ဆယ်ယောက်မှသည် အယောက်တစ်ရာ၊ ထောင်၊ သောင်းသို့ ပျံ့နှံ့သွားဖို့ အချိန်အနည်းငယ်မျှပင် မကြာပါ။ ထို့အတွက် ဆိုရှယ်မီဒီယာအသုံးပြုသူတိုင်းက သတင်းအချက်အလက်တစ်ခုကိုမြင်သည့်အချိန် သို့မဟုတ် မိမိမှ ပြန်လည်မျှဝေရာတွင် ကြိုတင်စဉ်းစားရမည့်အချက်များ ရှိပါသည်။

### မီဒီယာကျင့်ဝတ်

မီဒီယာ ပရော်ဖက်ရှင်နယ်များအနေဖြင့်လည်း သတင်းတစ်ခုကို ထုတ်ပြန်ရေးသားခြင်းမပြုမီ လိုက်နာဆောင်ရွက်သင့်သည့် ကျင့်ဝတ်များစွာထဲမှ အောက်ပါမေးခွန်းများဖြင့် ပြန်လည်စိစစ်ရမည် ဖြစ်ပါသည်–

- ❖ တင်ပြမည့်အကြောင်းအရာသည် တိကျမှန်ကန်မှုရှိပါသလား။
- ❖ သတင်းအချက်အလက်အရင်းအမြစ်များကို အတည်ပြုပြီးဖြစ်ပါသလား။
- ❖ သတင်းအချက်အလက်များကို မျှဝေခြင်းဖြင့် တစ်စုံတစ်ယောက်အား ထိခိုက်နစ်နာမှု ရှိနိုင်ပါသလား။
- ❖ သတင်းအကြောင်းအရာသည် အုပ်စုနှစ်ခုအကြောင်းဆိုပါက နှစ်ဖက်အုပ်စုလုံး၏ အသံကို နားထောင်ပြီးပြီလား။
- ❖ On the record/ Off the record စည်းမျဉ်းနှင့် ကိုက်ညီမှုရှိရဲ့လား။

ထို့ပြင် မိမိထုတ်ပြန်လိုက်သော သတင်းသည် အချက်အလက်မှားယွင်းစွာ ဖော်ပြမိပါကလည်း သတင်းအမှားပြင်ဆင်ချက်ကို အချိန်မဆိုင်း ပြန်လည်ထုတ်ပြန်ပေးရမည် အစရှိသည်တို့သည် မီဒီယာသမားများအားလုံး သိရှိနားလည်ထားပြီးသား ကျင့်ဝတ်ဆိုင်ရာ အကြောင်းခြင်းရာများပင် ဖြစ်ပါသည်။ သိရှိနားလည်နေရုံနှင့် မပြီးသေး၊ လိုက်နာဆောင်ရွက်မှသာ ကျင့်ဝတ်နှင့်ညီသော မီဒီယာကောင်းများ ဖြစ်လာမည်ဖြစ်ပါသည်။

### သတင်းတု၊ သတင်းမှားများ စိစစ်

ဆိုရှယ်မီဒီယာပေါ်တွင် သတင်းမှား၊ သတင်းတုများ ထိန်းချုပ်ရာမဲ့ပျံ့နှံ့နေပြီး ထိုသတင်းတု၊ သတင်းမှားများအပေါ် Like ပေးခြင်း၊ React တစ်ခုခုပြုလုပ်ခြင်း၊ Share လုပ်ခြင်းတို့သည် သတင်းမှား၊ သတင်းတုများ ပျံ့နှံ့စီးဆင်းမှုကို တွန်းအားပေးရာရောက်ပြီး သတင်းဖောင်းပွမှုကိုလည်း ဖြစ်စေပါသည်။ ထို့ကြောင့် လူမှုကွန်ရက်အသုံးပြုသူများအနေဖြင့် အကြောင်းအရာတစ်ခုကို ပြန်လည်မမျှဝေမီ သတင်းမှား၊ သတင်းတု ဟုတ်/ မဟုတ်ကို စဉ်းစားဆင်ခြင်၍ စစ်ဆေးရန် လိုအပ်ပါသည်။ သတင်းမှား၊ သတင်းတုများကို ယေဘုယျအားဖြင့် အောက်ပါအချက်များကို စိစစ်၍သိရှိနိုင်ပါသည်–

- ❖ သတင်းတင်ပြသည့် ရက်စွဲကို ကြည့်ပါ။ သတင်းရင်းမြစ်ကို စစ်ဆေးပါ။
- ❖ မိမိဖတ်ရှုနေသောသတင်းကို အခြားသတင်းရင်းမြစ်များက တင်/ မတင် ဆိုသည်ကို စုံစမ်းပါ။
- ❖ သတင်းခေါင်းစဉ်နှင့်အတူ သတင်းတစ်ပုဒ်လုံးကို ဖတ်ရှုပါ။
- ❖ သတင်းပါ အထောက်အထားများကို စိစစ်ပါ။
- ❖ ဓာတ်ပုံပါတိုင်း မယုံကြည်ပါနှင့်။

မီဒီယာကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာရမည်မှာ မီဒီယာသမားများလိုက်နာရမည့် အခြေခံမူဖြစ်သည့်အပြင် ဥပဒေကိုကျော်လွန်ပြီး ရေးသားပါကလည်း တရားစွဲဆိုခံရနိုင်ခြင်းကို သတိပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် “သတင်းမီဒီယာဥပဒေ”ကို ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မီဒီယာအသိ အားနည်းသော သာမန်ပြည်သူလူထုများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် စီးဆင်းနေသော သတင်းများ၊ အကြောင်းအရာများ၏ ယုံကြည်စိတ်ချရမှုကို အကဲဖြတ်ရန်ခက်ခဲပါသည်။ ထို့ကြောင့် ကျင့်ဝတ်လိုက်နာသည့် မီဒီယာများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးလာပါသည်။ ဆိုရှယ်မီဒီယာသည် “သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး” ဆိုသကဲ့သို့ပင် သုံးတတ်မည်ဆိုပါက အကျိုးကျေးဇူးရှိမည်ဖြစ်သလို မသုံးတတ်ပါကလည်း လူအများကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ဥပမာ – သူတစ်ပါးကို ထိပါးပုတ်ခတ် အမည်ဖျက်ရန် အခွင့်ရှိသလို (လိုင်စင်ရသလို) ဖြစ်နေခြင်း၊ အုပ်စုဖွဲ့အနိုင်ကျင့်ခြင်း၊ ဝါဒဖြန့်ခြင်း အစရှိသည့် ပုံစံများအပြင် အကြောင်းအရာပါအချက်များကို မလေ့လာဘဲ တစ်ဆင့် ပြန်လည်မျှဝေခြင်းတို့သည် ဆိုရှယ်မီဒီယာ၏ သဘောသဘာဝကို သေချာနားမလည်သည့် အသုံးပြုသူများအား ထိခိုက်နစ်နာစေပါသည်။

သတင်းရင်းမြစ်တိကျ မသေချာသည့်သတင်းများကြောင့် အထိတ်တလန့်ဖြစ်ရခြင်း၊ မမှန်ကန်သည့်အချက်အလက်များကြောင့် မသက်ဆိုင်သူများ ဘေးဥပဒ်ဖြစ်စေခြင်း၊ မီးလောင်ရာလေပင့် သဘောဆောင်သည့် အားပေးအားမြှောက်ပြုနေသည့် အရေးအသားများကြောင့် မဖြစ်သင့်/ မဖြစ်ထိုက်သော ကိစ္စရပ်များ ပေါ်ပေါက်လာခြင်း၊ သတင်းမီဒီယာသမားတို့၏ အချက်အလက်ထက် မိမိခံစားချက်ကိုဦးစားပေးပြီး ဘက်လိုက်၍ သတင်းထုတ်ပြန်ခြင်းတို့သည် မီဒီယာကျင့်ဝတ်နှင့်မညီသော ဖြစ်ရပ်များပင် ဖြစ်ပါသည်။

ကျင့်ဝတ်နှင့် မညီသော မီဒီယာများကြောင့် ပြည်သူလူထုသည် အမှန်တကယ်ဖြစ်ရပ်များကို မသိရှိနိုင်ခြင်း၊ မမှန်ကန်သော အချက်အလက်များကြောင့် ပြည်သူလူထုကို အကြောက်တရားပိုစေခြင်း၊ နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုများကို ဖြစ်ပေါ်စေခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကျင့်ဝတ်လိုက်နာရေး၊ မီဒီယာကျင့်ဝတ်နှင့်အညီ သတင်းမှန်များ ထုတ်ပြန်နိုင်ရေးတို့သည် မီဒီယာများသာမက မီဒီယာအလုပ်ကို လုပ်ကိုင်ဆောင်ရွက်နေသူ မည်သူမဆို ကျင့်ဝတ်လိုက်နာသင့်ကြောင်းနှင့် မျိုးဆက်သစ်လူငယ်များပါ အတွေးအခေါ်၊ အယူအဆများရှင်သန်နိုင်ရေး ရေရှည်မျှော်တွေး အထူးအလေးထားသင့်ကြပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။

**ကိုးကား –**


- ❖ **Code of Ethics by Society of Professional Journalists**
- ❖ **Anti–Corruption: Module 10 – Media Integrity and Ethics**
- ❖ **Journalism and Yellow Journalism by Strout, Lawrence N (2003)**
- ❖ **သတင်းမီဒီယာဥပဒေ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပခန်းကျောင်းတိုက်သို့ လည်းကောင်း **(ယာပုံ)**၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနရက္ခိတ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ဓမ္မဂုဏ်ရည် ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**




# နယ်စပ်ရေးရာဝန်ကြီးဌာနမှ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မေ ၁၀**

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လကာလတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၆၆ ဒသမ ၃၉၈ သန်းဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ငပုအင်း- ရွာဟောင်း - ရွာသစ် ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင် ဖောက်လုပ်ခြင်းလုပ်ငန်း **(အောက်ပုံ)**၊ ကျုံကွယ်ကျေးရွာအုပ်စု မိခွမ်း(ကျောက်အင်း)-ထိဝါးကလိ ကျေးရွာချင်းဆက်လမ်း တစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ အံကစင်(မွန်စု)-လွစင်ကုန်း-ကော့ခလိန်လမ်း လေးမိုင် ခုနစ်ဖာလုံလမ်းပိုင်း တွင် သုံး ဒသမ ငါးဖာလုံ လမ်းတာချဲ့ခြင်းနှင့် ရေထုတ်ပြွန် နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသ လမ်းတံတားများ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။ **သတင်းစဉ်**



# တရားမဝင် မမှန်မကန်ဆောင်ရွက်သည့် ကိစ္စရပ်များရှိပါက တိုင်ကြားရန် အသိပေးကြေညာခြင်း

၁။ ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားမှုများအား သတ်မှတ်ထားသည့် ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်မညီသော လိုင်စင်/ပါမစ်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးခြင်း၊ ခွင့်ပြုပေးခြင်းမပြုပါ။

၂။ ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုင်စင်ကြေးအပါအဝင် နိုင်ငံတော်သို့ တရားဝင်ပေးသွင်းရသည့် အခကြေးငွေများအား TradeNet 2.0 Online စနစ်တွင် e – payment စနစ်ဖြင့်သာ ပေးသွင်းရမည်ဖြစ်ပြီး အခြားမည်သည့်အခကြေးငွေမျှ ထပ်မံပေးသွင်းရန်မလိုကြောင်း၊ လာဘ်လာဘနှင့် မလိုလားအပ်သော တံစိုးလက်ဆောင်များကိုလည်း အခြားနည်းလမ်းများဖြင့် ပေးအပ်ခြင်း၊ လက်ခံခြင်း၊ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခကြေးငွေအပြင် သီးခြားတောင်းခံမှု၊ အပိုကြေးပေးချေရမှုများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် email များသို့ လုံခြုံစိတ်ချစွာ သတင်းပေးပို့ဆက်သွယ်တိုင်ကြားနိုင်သည် –

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၀၈၄၀၄၊ ၀၉-၂၅၇၁၆၈၈၇၂<br>dg.office01@gmail.com |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ကုန်သွယ်ရေး) | ၀၆၇-၃၄၀၈၄၈၃၊ ၀၉-၆၉၇၇၃၃၇၉၄<br>ddgoffice2018@gmail.com |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(လွယ်ကူ/စေ့စပ်) | ၀၆၇-၃၄၀၈၃၂၄၊ ၀၉-၄၂၂၁၉၀၉၉၉<br>ninikyaw6055@gmail.com |

ကုန်သွယ်ရေးဦးစီးဌာန

## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

# မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ် ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၃ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ၊ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

> **❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# TikTok တွင် အသက် ၁၃ နှစ်အောက်ကလေးများ အသုံးမပြုနိုင်ရန် စိစစ်ဖော်ထုတ်၍ ဆိုင်းငံ့မည်

**ရန်ကုန် မေ ၁၀**

ဗီဒီယိုအတိုအထွာများ ဖန်တီးမျှဝေနိုင်သော ဆိုရှယ်နက်ဝပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်းရာနှင့်ချီ၍ အသုံးပြုလျက်ရှိသော TikTok တွင် အသက် ၁၃ နှစ်အောက်အရွယ်များ အသုံးပြုနေသည်များကို စိစစ်ဖော်ထုတ်၍ ထို account များကို ဆိုင်းငံ့သွားမည်ဖြစ်ကြောင်း TikTok က သတင်းထုတ်ပြန်ထားသည်။

TikTok အသုံးပြုသူများ ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များတွင် အသက်ပြည့်သူများသာ TikTok အကောင့်ရှိစေရန် ဗျူဟာများနှင့် နည်းပညာများကို ဒီဇိုင်းရေးဆွဲခြင်းတို့လည်း ပါဝင်ရာ TikTok သည် အသက် ၁၃ နှစ်နှင့်အထက်ရှိသူများသာ အသုံးပြုနိုင်သည့် ပလက်ဖောင်းတစ်ခုဖြစ်စေရန်နှင့် မှားယွင်းအကောင့်ဖွင့်ထားသူများကို ခွဲခြားသတ်မှတ်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

TikTok သည် App Store တွင် အသက် ၁၂ နှစ်နှင့်အထက် အဆင့်သတ်မှတ်ချက်ရှိသလို အကောင့်အသစ်ဖွင့်လိုသူများသည် မွေးသက္ကရာဇ်ကိုဖြည့်မှသာ အကောင့်သစ်ဖွင့်နိုင်မည်ဖြစ်ပြီး အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်နှင့်မကိုက်ညီဘဲ တစ်ကြိမ်အကောင့်ဖွင့်ခဲ့ပါက ထိုသူအား ကွဲပြားခြားနားသော မွေးသက္ကရာဇ်ကိုသုံး၍ အကောင့်တစ်ခု ပြန်လည်ဖန်တီးခြင်းကို တားမြစ်ထားမည်ဖြစ်ကြောင်း၊ ထို့ပြင် မသင်္ကာဖွယ်ရှိသည့် အသက်မပြည့်သေးသော အကောင့်ပိုင်ရှင်များကို ဖော်ထုတ်ဖယ်ရှားရန်အတွက် အသက် ၁၃ နှစ်အောက် ကလေးတစ်ဦးက အကောင့်တစ်ခုကို အသုံးပြုနေနိုင်သည့် လက္ခဏာများကို TikTok ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိစစ်ရေးအဖွဲ့များအနေဖြင့် သတိပြုနိုင်ရန် လေ့ကျင့်ပေးထားကြောင်း၊ အသက်မပြည့်သေးသည့် အကောင့်များကို စိစစ်ဖော်ထုတ်နိုင်ရန် အခြားအချက်အလက်များဖြစ်သည့် Keywords စကားလုံးများနှင့် App အတွင်း အစီရင်ခံစာများကိုလည်း အသုံးပြုကြောင်း၊ အကောင့်တစ်ခုကို အသက်မပြည့်သေးသူက အသုံးပြုနေသည်ဟု လုံခြုံရေးအဖွဲ့က တွေ့ရှိပါက ထိုအကောင့်ကို ဆိုင်းငံ့သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

TikTok တွင် ဆယ်ကျော်သက်အရွယ်များဖြစ်သည့် ၁၃ မှ ၁၇ နှစ်အရွယ် အသုံးပြုသူများအတွက် ဘေးကင်းပြီး အသက်အရွယ်အလိုက် သင့်လျော်သောအတွေ့အကြုံကို ရရှိနိုင်ရန် ထိရောက်သော နည်းပညာများနှင့် မူဝါဒများကိုလည်း ပြုလုပ်ထားကြောင်း၊ ဆယ်ကျော်သက်လူငယ်များ TikTok ကို စတင်အသုံးပြုပါက တိုက်ရိုက်စာတိုပေးပို့ခြင်းကဲ့သို့သော ဝန်ဆောင်မှုအချို့ကို သုံးခွင့်ကန့်သတ်ထားကြောင်း၊ အသက် ၁၃ မှ ၁၅ နှစ်အရွယ် အသုံးပြုသူများ၏ အကောင့်များကို Private အကောင့်အဖြစ် အလိုအလျောက် သတ်မှတ်ကြောင်း၊ ထို့ပြင် မိဘများ ဒစ်ဂျစ်တယ်လုံခြုံရေးနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန် ထောက်ပံ့ပေးနိုင်မည့် Family Pairing ဝန်ဆောင်မှုကိုလည်း မိတ်ဆက်ထားပြီးဖြစ်ကြောင်း မြန်မာဘာသာဖြင့်ထုတ်ပြန်သည့် TikTok ၏ သတင်းခန်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**ကိုစိုး**

New Product

## ပြည်တွင်းဈေးကွက်မှာ စိတ်ဝင်စားမှုများနေတဲ့ Realme 9i စမတ်ဖုန်းသစ်

Realme 9i ကို နိုင်ငံတကာဈေးကွက်မှာ ဇန်နဝါရီလကုန်ပိုင်းကတည်းက စရောင်းခဲ့ပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ မတ် ၂၅ ရက်ကမှ တရားဝင် စတင်ရောင်းချတာဖြစ်ပါတယ်။ ထူးခြားတဲ့နည်းပညာသစ်တွေ မပါဝင်ပေမယ့် Chipset ပိုင်း၊ RAM ပိုင်း၊ ဘက်ထရီပိုင်းတွေမှာ ဈေးနှုန်းနဲ့ အရည်အသွေးပိုင်း ထိုက်တန်မှုရှိလို့ ပြည်တွင်းက အလယ်အလတ်တန်းဖုန်းဈေးကွက်ထဲမှာ စိတ်ဝင်စားမှုမြင့်တက်နေတဲ့ ဖုန်းမော်ဒယ်တစ်ခုဖြစ်ပါတယ်။ အသံပိုင်းမှာ စတီရီယိုစပီကာတွေ ပါဝင်တာနဲ့ Finger print sensor ဟာ ဘေးဘက် ပါဝါခလုတ်ပေါ်မှာ ရှိနေတာတွေကလည်း ဒီဖုန်းကို လူကြိုက်များစေတဲ့အချက်တွေဖြစ်ပါတယ်။ Realme 9i စမတ်ဖုန်းရဲ့အဓိကကျတဲ့အချက်တချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အရွယ်အစား | ၆ ဒသမ ၆ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD, 90Hz, |
| Resolution | 1080 x 2412 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 11 |
| UI | Realme UI 2.0 |
| Chipset | SM6225 Snapdragon 680 4G(6 nm) |
| CPU | Octa-core |
| RAM နဲ့ Memory | 6/128(SDကတ်စိုက်နိုင်) |
| ပင်မကင်မရာ | 50+ 2+ 2 MP(Triple) |
| ဆယ်လ်ဖီကင်မရာ | 16 MP |
| USB | Type-C 2.0, OTG |
| ဘက်ထရီ | Li-Po 5000 mAh |
| အမြန်အားသွင်းစနစ် | 33W |




ဈေးနှုန်းက ကျပ် ၃၉၉၉၀၀ ဖြစ်ပြီး ယခုရက်ပိုင်း စတင်ရောင်းချချိန်ကနေ ဧပြီလကုန်အထိအတွင်းမှာ အပိုလက်ဆောင် အစီအစဉ်တွေနဲ့ ရောင်းချနေပါတယ်။


**ကျော်ဇင်ဦး**

Application Guide

## မိုးလေဝသခန့်မှန်းချက်တွေကို မြန်မာဘာသာနဲ့ရရှိနိုင်မယ့် အက်ပလီကေးရှင်း

ပြီးခဲ့တဲ့မတ်လ တတိယပတ်အတွင်း မြန်မာနိုင်ငံဘက်ကို မုန်တိုင်းဝင်ရောက်ခဲ့ချိန်မှာ မိုးလေဝသသတင်းတွေကို ပြည်သူတွေ စိတ်ဝင်စားခဲ့ကြပြီး လူမှုကွန်ရက်စာမျက်နှာမှာ မိုးလေဝသခန့်မှန်းချက်တွေကို ကြည့်ရှုမျှဝေမှု များခဲ့ပါတယ်။ နောက်ပိုင်းထွက် မိုဘိုင်းဖုန်းတွေမှာ မိုးလေဝသ ခန့်မှန်းချက်တွေကို အင်တာနက်ဖွင့်လိုက်တာနဲ့ အလွယ်တကူ ကြည့်နိုင်တဲ့ အက်ပလီကေးရှင်းတွေ ပါဝင်လာပေမယ့် အင်္ဂလိပ်စာနဲ့ပဲ ကြည့်ရှုနိုင်တာဖြစ်ပါတယ်။

Weather Myanmar အက်ပလီကေးရှင်းကတော့ မြန်မာနိုင်ငံအတွက် မိုးလေဝသခန့်မှန်းချက်တွေကို Open Weather Map ကနေ ရယူပြီး မြန်မာဘာသာနဲ့ကြည့်နိုင်အောင် ဘာသာပြန်ပေးထားတာဖြစ်ပါတယ်။ ဒီအက်ပလီကေးရှင်းမှာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ကို တစ်ဆင့်ချင်းရွေးချယ်ပြီးဖြစ်စေ၊ မြေပုံပေါ်ကတစ်ဆင့် ရွေးချယ်ပြီးဖြစ်စေ မိုးရွာနိုင်ခြေခန့်မှန်းချက်၊ အပူချိန်ခန့်မှန်းချက်တွေကို ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ သုံးနာရီခြား တစ်ကြိမ်နဲ့ တစ်ရက်အတွက် ရှစ်ကြိမ်ပါဝင်ပြီး ငါးရက်စာအထိ ကြိုတင်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အက်ပလီကေးရှင်းကို အသုံးပြုဖို့အတွက် အင်တာနက်လိုင်းဖွင့်ပေးဖို့တော့ လိုအပ်မှာဖြစ်ပါတယ်။




ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ Weather Myanmar Thein လို့ရှာပြီး အခမဲ့ရယူနိုင်ပါတယ်။ အန်းဒရွိုက်ဗားရှင်း 4.4 နဲ့အထက် ဖုန်းတိုင်းမှာ အသုံးပြုနိုင်ပြီး ဖိုင်ဆိုက်ကလည်း 10MB လောက်ပဲ ရှိပါတယ်။

**ကျော်ဇင်ဦး**

## အူရီဒူးမြန်မာက ၂၀၂၁ ခုနှစ်အတွက် လူမှုအကျိုးပြုလုပ်ငန်း အစီရင်ခံစာထုတ်ပြန်

**ရန်ကုန် မေ ၁၀**

အူရီဒူးမြန်မာက ၂၀၂၁ တစ်နှစ်တာအတွင်း မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သော လူမှုအကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်သည့် အစီရင်ခံစာကို မေလဆန်းတွင် ထုတ်ပြန်လိုက်ပြီး ထိုအစီရင်ခံစာတွင် မြန်မာပြည်သူများ၏ ဒစ်ဂျစ်တယ်ဘဝများကို မြှင့်တင်ပေးမှုများ၊ နေ့စဉ်လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးခဲ့မှုများ၊ ကိုဗစ်-၁၉ ကာလတွင် လှူဒါန်းမှုများ၊ လူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးကဏ္ဍတွင် ဆောင်ရွက်မှုများ စသည်တို့ကို ဖော်ပြထားသည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တတ်အားသမျှ လုပ်ဆောင်ချက်များဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာက ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများမှ တစ်ခုဖြစ်သည်ဟု ယုံကြည်ကြောင်း အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးတင့်နိုင်ထွဋ်က ပြော သည်။

အူရီဒူးမြန်မာအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျပ်သိန်း ၂၇၈၀ ကျော် တန်ဖိုးရှိ Oxygen concentrators ၈၅ လုံးနှင့် အောက်ဆီဂျင်အိုး ၁၈၂ လုံးတို့ကို လှူဒါန်းခဲ့သလို ကပ်ရောဂါဆိုင်ရာ အသိပညာပေးရန်အတွက် သတိပေး SMS များကို အပတ်စဉ်ပေးပို့ခဲ့ကြောင်း၊ ၂၀၂၁ မတ်လမှစတင်ပြီး အူရီဒူးမြန်မာသည် အရေးပေါ်ဖုန်းဘေလ်လိုအပ်သော သုံးစွဲသူများအား ပံ့ပိုးပေးရန်နှင့် သုံးစွဲသူအချင်းချင်း ကူညီနိုင်ရန် “ပိုရင်လှူ လိုရင်ယူ” အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ဒီဇင်ဘာလအထိ ထိုအစီအစဉ်မှ လူပေါင်း ၂ ဒသမ ၁ သန်းအား ဖုန်းဘေလ် ကျပ်သိန်း ၁၁၀၀၀ ကျော် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် အင်တာနက်ပြတ်တောက်သော ညများတွင် အူရီဒူးအချင်းချင်း အခမဲ့ ဖုန်းခေါ်ဆိုမှုနှင့် SMS အခမဲ့ပေးပို့ခွင့်တို့ကို ပံ့ပိုးပေးခဲ့ရာ ကျပ်သိန်း ၄၂၀၀၀ ကျော် တန်ဖိုးရှိသည့် အခမဲ့ဖုန်းခေါ်ဆိုမှု မိနစ် ၁၁၈၈ သိန်းကျော်နှင့် အခမဲ့စာတိုပေးပို့မှု စောင်ရေ ၉၁၉ သိန်းကျော် ရှိခဲ့ကြောင်း သိရသည်။

ဆင်းရဲနွမ်းပါးသော ပြည်သူများ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကျပ်သိန်း ၁၄၀၀၀ ခန့် တန်ဖိုးရှိသော ဒစ်ဂျစ်တယ်စက်ပစ္စည်းများ(Tablet များ၊ စမတ်ဖုန်းများ၊ Routers များနှင့် လစဉ်ဒေတာအစီအစဉ်များပါဝင်သည့် ဆင်းကတ်များ) စုစုပေါင်း အမျိုးအစား ၄၁၀၀ ကျော်ကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၃၇ ကျောင်းနှင့် အများပြည်သူစာကြည့်တိုက်များ၊ လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် UNDP နှင့် ပူးပေါင်း၍လည်း မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်တိုးတက်ရေးစံပြပုံစံကို ဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(SEAD project)ကို အကောင်အထည်ဖော်ခဲ့ကာ ထိုပရောဂျက်သည် မြင်းခြံနှင့် ညောင်ဦးမြို့နယ်ရှိ ကျေးရွာပေါင်း ၁၃၀ မှ အိမ်ထောင်စု ၃၉၀၀၀ ကျော်၏ လယ်ယာစိုက်ပျိုးရေး အလေ့အကျင့်များကို မြှင့်တင်ရန် အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၆ ခုနှစ်မှ စတင်ခဲ့သည့် Tech Age Girls (TAG) အစီအစဉ်ကို ၂၀၂၁ ခုနှစ်တွင် ပါဝင်နိုင်သူဦးရေ နှစ်ဆတိုးမြှင့်လက်ခံနိုင်ခဲ့ပြီး အသက် ၁၆ နှစ်မှ ၂၀ အတွင်းရှိ အမျိုးသမီးငယ် ၂၀၀ ကျော် ပါဝင်တက်ရောက်နိုင်ခဲ့ကာ ၎င်းတို့၏ ခေါင်းဆောင်မှုနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ကျွမ်းကျင်မှုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ဦး**



## ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်လုံးကျွတ်(ပထမအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မူဆယ် ဧပြီ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်လုံးကျွတ် (ပထမအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့ဝင်မီးပွိုင့်လမ်း လေယာဉ်ကွင်းနှင့် သိန်းသန်းချီကားကြီးကွင်း သွားရာလမ်းတစ်လျှောက်တွင် ယမန်နေ့က စည်ကားသိုက်မြိုက်စွာ လောင်းလှူကြသည်။(**အပေါ်ပုံ**)

အဆိုပါ လောင်းလှူမှုကို မူဆယ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ စေတနာရှင် ပြည်သူများက ပထမဆုံး လွယ်တိန်းခမ်း ဆရာတော် ဘဒ္ဒန္တသုခမိန္ဒ (အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ)ထံမှ ငါးပါးသီလ ခံယူတည်ဆောက်ပြီး သံဃာတော် အရှင်သူမြတ်တို့ထံမှ မေတ္တာသုတ် ပရိတ်တရားတော်နာယူခဲ့ကြသည်။ ဆက်လက်၍ လွယ်တိန်းခမ်းဆရာတော်ထံမှ တရားနာယူ၍ ရေစက်ချအမျှဝေခြင်း၊ ရတနာမြတ်သုံးပါးအား ရှိခိုးကန်တော့ခြင်းများ ပြုလုပ်သည်။ ထို့နောက် ဘုရားအမှူးပြုသော သံဃာတော်များ၊ သာမဏေနှင့် သီလရှင် အပါး ၁၀၀၀ တို့အား လှူဖွယ်ဝတ္ထုနှင့်ဆွမ်းဆန်စိမ်းများကို ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်များရှိ စေတနာရှင် ပြည်သူများက လောင်းလှူခဲ့ကြောင်း သိရသည်။

**ဇင်မောင်(မူဆယ်)**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၉၃၀)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ ရှိပါမစ်မြေကွက်သည် ဒုအရာခံဗိုလ်တင်ညွန့် ၁၂/မဘန(နိုင်) ၀၂၇၇၀၂ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အုံးကြည် ၁၂/မဘန(နိုင်) ၀၂၆၁၅၄မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းရောင်းချခဲ့သောကြောင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးထွန်းစံ ၁၃/ဆဆန(နိုင်) ၀၂၈၅၉၂မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူ ရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသည့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပိုးအိအိစံ(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)
လင်းသန့်-အိမ်ခြံမြေဥပဒေအကြံပေး
အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆

### ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
### ပုသိမ်ခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၈

ကွယ်လွန်သူ ဦးကုလား၊ ဒေါ်မယ်ကျင်တို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုတွင် ပုသိမ်မြို့နယ်၊ ရကအ (၄)နယ်မြေ၊ ငှက်ပျောတန်းလမ်း၊ အမှတ်(၅၅)၌နေ ထိုင်ခဲ့သော ကွယ်လွန်သူ ဦးကုလား၊ ဒေါ်မယ်ကျင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့်ဦးကုလား၊ ဒေါ်မယ်ကျင်တို့၏ သားများဖြစ်သော ၁။ ဦးအောင်ခိုင်အေး၊ ၂။ ဦးအောင်သူ(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ကြည်ကြည်)နှင့်မြေးများဖြစ်ကြသော ၁။ ဒေါ်မေမေဝင်း၊ ၂။ ဦးထိန်ဝင်း(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်မေမေဝင်း)တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ်၊ မေလ ၅ရက် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကုလား၊ ဒေါ်မယ်ကျင်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိ သူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် မေလ ၅ရက်(၁၃၈၄ ခုနှစ် ကဆုန်လဆန်း ၆ ရက်)မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးအောင်ခိုင်အေးပါ-၄ဦးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၂ခုနှစ် ဧပြီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ဘုန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ပုသိမ်ခရိုင်တရားရုံး

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မော်တော်ယာဉ်၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အလှကုန်ပစ္စည်းများ၊ ဖုန်းနှင့် ကွန်ပျူတာ အပိုပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၆၄၇၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စစ်ဆေးဆောင်ရွက်မှုမှ ဖမ်းဆီးရမိသည့်ပစ္စည်းများ။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့မှ ရန်ကုန်သို့ သွားရောက်မည့်ခရီးသည်တင်မှန်လုံယာဉ်တစ်စီးပေါ်၌ ခရီးသည်ဝန်စည်များနှင့် ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့အားဖြည့်အချိုရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ၁၀ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ NISSAN WINGROD အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်းရှိ သစ်တောကြိုးဝိုင်းများအတွင်း ကျွန်းသစ်နှင့်သစ်မာ ၆ ဒသမ ၅၆၇၂တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၈၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၉ ရက်နှင့် ၁၀ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၁၇၈၃၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အိမ်ကွင်းမှာ ဝက်စ်ဟမ်းကို ဂိုးပြတ်အနိုင်ယူခဲ့သည့် ဘရန့်ဖို့ဒ်

ပရီမီယာလိဂ်ပွဲစဉ် (၃၂) မှ ဘရန့်ဖို့ဒ်နှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို ဧပြီ ၁၀ ရက် ညပိုင်းက ဘရန့်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရန့်ဖို့ဒ် အသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းသည် ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် ၁၉၅၃-၅၄ ခုနှစ် နောက်ပိုင်း လိဂ်ပြိုင်ပွဲတွင် ဝက်စ်ဟမ်းအသင်းကို နှစ်ကျော့စလုံး အနိုင်ရရှိသည့် မှတ်တမ်းကို ပိုင်ဆိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် ဝက်စ်ဟမ်းအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်အထိ ရှိခဲ့သည်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ်တွင် သာမန်ခြေစွမ်းအောက် ရောက်နေခဲ့ပြီး ဂိုးကန်ခွင့် ငါးကြိမ်သာရှိခဲ့ရာ အဆိုပါ ငါးကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု တစ်ကြိမ်သာရှိခဲ့သည်။

ပွဲချိန် ၄၈ မိနစ်တွင် တိုနေး၏ ဖန်တီးမှုမှ အမ်ဗျူမိုက ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဘရန့်ဖို့ဒ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့အပြင် အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် အမ်ဗျူမို၏ ဖန်တီးမှုမှ တိုနေးက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရန် ကြိုးစားလာသော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဘရန့်ဖို့ဒ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် လက်စတာအသင်းက ပဲလေ့စ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ နော့ဝှစ်ချ်အသင်းက ဘန်လေအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## သီပေါကြက်ခြေနီမောင်မယ်များ ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်

**သီပေါ ဧပြီ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း ကြက်ခြေနီမောင်မယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဒုဋ္ဌဝတီမြစ်တွင် ရေပြင်အသက်ကယ်ဆယ်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက လက်တွေ့ဆောင်ရွက်ပြသသည်။

အဆိုပါ ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွှန့်လှတို့ ဦးဆောင်ကာ ကြက်ခြေနီမောင်မယ် ၃၅ ဦးတို့အား သုံးရက်ကြာ လက်တွေ့ပြသဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
## ရန်ကုန်မြို့
## ပစ္စည်းများဝယ်ယူရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော အောက်ပါ ပစ္စည်းများအား ဝယ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀/- နှုန်းဖြင့် ၁၈-၄-၂၀၂၂ရက်မှ ၂၉-၄-၂၀၂၂ရက် အထိ ရုံးချိန်အတွင်း ဝယ်ယူရန်ဖြစ်ပါသည်။ အုပ်စု(က)အတွက် ၂-၅-၂၀၂၂ရက် မွန်းလွဲ ၁၃:၀၀ နာရီတွင်လည်းကောင်း၊ အုပ်စု(ခ)အတွက် ၃-၅-၂၀၂၂ရက် မွန်းလွဲ ၁၃:၀၀ နာရီတွင်လည်းကောင်း၊ အုပ်စု(ဂ)အတွက် ၄-၅-၂၀၂၂ရက် မွန်းလွဲ ၁၃:၀၀နာရီတွင်လည်းကောင်း တင်ဒါဖွင့်ဖောက် ရွေးချယ်သွားမည်ဖြစ်ပါသည်-

**အုပ်စု(က)**

၁။ သုတ်ဆေးပစ္စည်းများ
၂။ လျှပ်စစ်ပစ္စည်းများ

**အုပ်စု(ခ)**

၁။ သစ်ခွဲသားမျိုးစုံ
၂။ စာရေးကိရိယာပစ္စည်းများ

**အုပ်စု(ဂ)**

၁။ အဆောက်အအုံပစ္စည်းများ
၂။ ရေသန့်ပစ္စည်းများ

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန ဖုန်း၀၁-၃၈၃၅၀၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၅၉)ပန်းဘဲတန်း၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ ၀ ဒသမ ၀၇၈ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၄၉၆)နေ ဒေါ်ခင်နှင်းအေး ၁၀/မလမ(နိုင်)၁၇၇၈၃၇က မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်စာချုပ်အမှတ် ၂၆၀/၂၀၁၀အရ ပိုင်ဆိုင်ထားပြီး မော်လမြိုင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးတွင် ဘိုးဘပိုင်အမည်ပြောင်းအမှုတွဲ အမှတ် ၀၄၂/ဘိုးဘ/၂၀၂၁-၂၀၂၂အရ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် မေ ၈ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်ုပ်မှ အမည်ပြောင်း အမှုတွဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့်(LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)**
**အမှတ်(၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၈၇၀၀၇၄၉၊ ၀၉-၉၇၅၂၆၁၈၆၅**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက္ကနဲရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၂၅၂/ခ)၊ ဧရိယာ ၀ ဒသမ ၀၃၈ ဧကရှိမြေကွက်အား မော်လမြိုင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မှတ်ပုံတင် (၁-က) စာရင်း၌ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ပုထံမှ ၁၀-၃-၂၀၁၆ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့သူ ဦးမြသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၁၅-၅-၂၀၂၀ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအိမ်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် (LL.B,H.G.P)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)**
**အမှတ်(၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၈၇၀၀၇၄၉၊ ၀၉-၉၇၅၂၆၁၈၆၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ စက်သစ်ရပ်၊ မြပုဏ္ဏာမာလမ်းနေ ဦးလှထွန်း ၁၀/မဒန(နိုင်)၀၂၁၄၈၀ - ဒေါ်စန်းစန်းမော် ၁၀/မဒန(နိုင်)၀၄၁၁၃၉၈ တို့၏သမီး မသဥ္ဇာမိုမိုထွန်း ၁၀/မဒန(နိုင်)၂၀၀၂၄၅ သည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဆိုဆုံးမမှုကိုမနာခံသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူပေးမည်မဟုတ်ကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**

**ဦးလှထွန်း-ဒေါ်စန်းစန်းမော်**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၁

ကွယ်လွန်သူ ဆရာတော်ဦးပညာဇောတနှင့် ဦးအောင်မျိုးသိန်းတို့၏ ကျန်ရစ်သော ပစ္စည်းအကြောင်း

**အရှင်ဘဒ္ဒန္တသုဇာတ** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ အာသာဝတီတိုက်၊ ဇယန်းကြီးနမ့်ဆန်ကျောင်းတိုက်နေ အရှင်ဘဒ္ဒန္တသုဇာတ ၁၃/ နဆန(သ)၀၀၀၃၅၉ က ကွယ်လွန်သူ ဆရာတော်ဦးပညာဇောတနှင့် ဦးအောင်မျိုးသိန်းတို့၏ အမှန်တကယ်ဆက်ခံ၍ ထုတ်ယူခွင့်ရှိသူဖြစ်သည်ဟူ၍ အထက်နေ ၎င်းကွယ်လွန်သူ ဆရာတော်ဦးပညာဇောတနှင့် ဦးအောင်မျိုးသိန်းတို့မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဆရာတော် ဦးပညာဇောတနှင့် ဦးအောင်မျိုးသိန်းတို့မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် ဧပြီ ၂၀ရက် (၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင်လျှောက်ထားသူ အရှင်ဘဒ္ဒန္တသုဇာတ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၉/ရှမ်းစု)၊ ဦးပိုင် အမှတ်(၆က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၂၆ ဧကအနက် A အမှတ်ပြဧရိယာ ၀ ဒသမ ၁၅၀ ဧကရှိမြေသည် အခွန်အမှုတွဲအမှတ် (V၂၂၆/၈၀-၈၁)အရ ဒေါ်နန်းအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး ဒေါ်နန်းထံမှ ဒေါ်ဖြူဖြူတင်သည် ဝယ်ယူခဲ့ပြီး မော်လမြိုင်မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၂၇/၂၀၂၁)ဖြင့်ဒေါ်ဖြူဖြူတင်ထံမှ အရပ်ကတိဖြင့် ဝယ်ယူခဲ့သော ဦးမောင်မောင်လတ် (KMW ၁၄၄၀၆၁ )နှင့် ဒေါ်ခင်သီတာမိုး ၆/ကသန(နိုင်)၀၄၃၂၂၄ တို့မှ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၁-၇-၂၀၂၁ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းအပေါ် တရားမကျင့်ထုံးအမိန့် (၂၁) နည်းဥပဒေ (၃၄) အရ မော်လမြိုင်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး /ဘီလစ် ဒေါ်သက်နှင်းအေးမှ တာဝန်ယူကာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ် (၁၉၆/၂၀၂၁)ဖြင့် ဦးမောင်မောင်လတ်နှင့် ဒေါ်ခင်သီတာမိုးထံ ရောင်းချပေးခဲ့၍ ဦးမောင်မောင်လတ်နှင့် ဒေါ်ခင်သီတာမိုးမှ မြေငှားဂရန်ခွဲစိတ်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန် ခွဲစိတ်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၁၄နှင့် ဆက်နွယ်သည့်
## ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် -၄၂

| | | |
|---|---|---|
| ဦးခင်မောင်အေး | နှင့် | ဦးဇော်နိုင်ဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး ၊ မရမ်းကုန်းမြို့နယ်၊ ရပ်ကွက်(၂)၊ (၂)လွှာ၊ တိုက်အမှတ်(၄၈)နေ ဦးဇော်နိုင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် အနိုင်ဒီကရီရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၉ရက် (၁၃၈၄ခုနှစ် တန်ခူးလကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## လုံးဝမသက်ဆိုင်တော့ပါကြောင်း

ကျွန်မ ဒေါ်ဝင်းမင်းထွန်း (ဘ) ဦးရွှေဘော် ၁၂/အလန(နိုင်)၀၀၁၀၄၃ ၏ခင်ပွန်း ဦးကျော်ဝေလွင် (ဘ) ဦးသစ်လွင် ၁၂/ပဇတ(နိုင်)၀၂၉၁၃၀ သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှ သူ့သဘောဆန္ဒအရ ထွက်သွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ဝင်းမင်းထွန်း**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ နှင့် မေလ (၂)လစာ အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီများကို အောက်ဖော်ပြပါ နေရာများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါအမှတ်- ၀၇/မမ/ပတ/ ဒီဇယ်ဆီ (၄၉၃၂၀၀) ဂါလန် (CME/CE) (2022-2023)**

| စဉ် | ပေးပို့ရမည့်နေရာနှင့် အရေအတွက် | |
|---|---|---|
| ၁ | ရန်ကုန် | မလွကုန်းတွဲစီဝင်း - ၄၅၈၀၀၀ ဂါလန် |
| ၂ | နယ် | တောင်ကြီး - ၆၄၀၀ ဂါလန်<br>စစ်တွေ - ၃၂၀၀ ဂါလန်<br>ဟသ်ာတ - ၁၉၂၀၀ ဂါလန်<br>ပခုက္ကူ - ၆၄၀၀ ဂါလန် |
| စုစုပေါင်း | | ၄၉၃၂၀၀ ဂါလန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၂၅ . ၄ .၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၁၁. ၄ .၂၀၂၂ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည် -

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း 294352, 291994, 095069366,09254488438**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Jiangxi Zhengbang Crop Protection Co.,Ltd မှထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Friends Helper Co.,Ltd မှ Myanmar Shwe Thein Trading Co.,Ltd သို့ လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ကြော်ငြာပါသည့်နေ့မှစပြီး(၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | ZB-Flash 16 SC | Emamectin Benzoate 4%+Indoxacarb 12% SC | Experimental Registration | E2022-5507 |
| ၂။ | ZB-Vanquisher 12 SC | Chlorfenapyr 10 % + Spinosad 2 % SC | Experimental Registration | E2022-5508 |

**Myanmar Shwe Thein Trading Co.,Ltd**
အမှတ်(၁၂၁)၊ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၄)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉-၄၅၈၀၀၆၆၀၆၄

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပုလဲသွယ်လမ်း၊ မြေကွက်အမှတ်(၁၉၇)၊ ဦးဟန်ဝင်းအမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ် ပေ(၄၁x၆၀)(ဂရန်မူရင်းပါ)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးဟန်ဝင်း ၁၂/အစန(နိုင်)၀၃၇၁၅၅ မှ အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ဒေါ်ခိုင်ရည်မွန် ၁၂/ဒဂမ(နိုင်)၀၁၅၉၈၄ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ၂၅-၁၂-၂၀၂၁ ရက်တွင် ပေးချေထားပြီးဖြစ်ပြီး ဒေါ်ခိုင်ရည်မွန် ၁၂/မဂဒ(နိုင်)၀၁၅၉၈၄ မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ရောင်းချထားခြင်းမရှိကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခိုင်ရည်မွန်၏ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၉)**
**အမှတ်(၃၅/၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၅၀၅၄၁၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

